မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ခင်းကျင်းရောင်းချနေမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးများသို့ သွားရောက်၍ ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ပန်းတျာအခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပန်းတျာအခွန်လွတ်ဈေးအတွင်း မင်္ဂလာဒုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်၊ တပ်ရင်းတပ်ဖွဲ့များ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်းကုန်စည်ဒိုင်၏ ကုန်ခြောက်အရောင်းဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအရောင်းဆိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ ကြက်ဥ၊ ငါးအရောင်းဆိုင်တို့၏ ခင်းကျင်းရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လတန်ခူး

✻ တောင်လေနော့လူး၊ တန်ခူးချိန်ခါတွင်
ကြယ်စင်စိတြ၊ ရွှန်းမြထိန်ကြည်လင်
ရွှေသားအသွင်၊ ကြိုင်လွင်ပိတောက်ပန်း
ဥဩငှက်ပျို၊ တွန်သံချို
မြိုင်ညိုတစ်ခွင် လွှမ်းသည်နှင့်လေး။

✻ သာယာငြိမ်းချမ်း၊ နှစ်ဆန်းမင်္ဂလာ
အညစ်အကြေး၊ ဖယ်ဆေးအခါခါ
မိဘဆရာ၊ စဉ်လာခဝပ်ညှောင်း
ဘုရားစေတီ၊ ကုသိုလ်စည်
ရေကြည်သပ္ပာယ်လောင်းသည်နှင့်လေး။

✻ အိုးစည်ဗုံမောင်း၊ ငြိမ်းညှောင်းတဝေဝေ
လင်္ကာတေးထပ်၊ ရေးစပ်သီဆိုနေ
ပက်ဖျန်းအတာရေ၊ စိုပြေ(ပြည်)ကြည်နူး
ဆိုတေးမြိုင်မြိုင်၊ ပြုံးပန်းလှိုင်
မြိုင်ဆိုင်ပျော်ရွှင် မြူးသည်နှင့်လေး။

✻ သဒ္ဓါအထူး၊ ရည်စူးမြတ်နိဗ္ဗာန်
စတုဒိသာ၊ ဝေကာလှူဒါန်းပြန်
သတ္တဝါကံ၊ ဖန်လာသည့်အရေး
ဆင်းရဲဝဋ်မှာ၊ ကင်းငြိမ်းကွာ
လွှတ်ကာဘေးမဲ့ ပေးသည်နှင့်လေး။

✻ နံ့သာမွှေးမွှေး၊ ထုံအေးရေကြည်ကြည်
ကိုယ်စီသွန်းလောင်း၊ နှစ်ဟောင်းပယ်ခွာပြီ
စိတ်သစ်မွေးမည်၊ ကိုယ်စီဝိဋ္ဌာန်ကြ
မြန်မာ့မျိုးဆွေ၊ အားသစ်ဝေ
ပြည်ရွာသာယာလှသည်နှင့်လေး။

✻ တစ်နှစ်ဆန်းမို့ အညစ်အန္တမ်းပြယ်ကာ မြူးစေပေါ့အတည်
တစ်ခေတ်လှမ်းလို့ မပစ်စတမ်းတွယ်တာ
ထူးပေတော့သည်။ ။

ထွန်းခေါင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

ရိုးရာယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်း မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်မှာ တန်ခူးလတွင် ရေစင်ပက်ဖျန်းကစားသည့် သင်္ကြန်ပွဲတော် ဖြစ်သည်။ သင်္ကြန်ဝေါဟာရသည် သင်္ကန္တ ဟူသော ပါဠိဘာသာမှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်ပြီး ပြောင်းလဲခြင်း၊ ရွေ့လျားခြင်းဟူ၍ အနက်အဓိပ္ပာယ်ရသည်။ တန်ခူး၏ ရာသီပန်းသည် ပိတောက်ပန်းဖြစ်သည်။

အတာရေပက်ဖျန်းခြင်းသည် နှစ်သစ်တွင် အညစ်အကြေးများကင်းစင်၍ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘောဖြစ်သည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်သည် ကုသိုလ်ကောင်းမှုပြုရာ အခါသမယပင်ဖြစ်သည်။ သင်္ကြန်ပွဲတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို ပိုမိုလေးနက်တည်တံ့စေရေးအတွက် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်သည် နှစ်သစ်ကူးပွဲတော်ဖြစ်သည်နှင့်အညီ ပြည်သူအားလုံး ပျော်ရွှင်စွာ ရေးပက်ကစားကြသည်။ တစ်ဦးကို တစ်ဦး ကြည်နူးအေးမြစေလိုသည့် စိတ်ရင်းဖြင့် ရေကစားကြခြင်းဖြစ်သည်။ မွှေးပြန့်သော ရေ၊ အေးမြသော အတာရေဖြင့် ပက်ဖျန်းကြ၍ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ချမ်းမြေ့ကြသည်။

သင်္ကြန်ပွဲတော်ရက်များတွင် ရေသဘင်ပွဲဆင်နွှဲသူများသည် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ တိုက်တွန်းနှိုးဆော်ချက်များနှင့်အညီ လိုက်နာဆင်နွှဲရန်လိုပေသည်။ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်မိစေရန် သတိပြုကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း မြန်မာပြည်သူတစ်ရပ်လုံးက ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း မဟာသင်္ကြန်အခါသမယတွင် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြခြင်းဖြင့် ကောင်းမြတ်သော မင်္ဂလာနှစ်သစ်ကို ကြိုဆိုကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွယ်လွန်သူ အစ်မကြီး ဒေါ်ကျင်မြနှင့် ဦးခင်မောင်တို့အား ရည်စူး၍ ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် ၂၅ လမ်း အမှတ်(၃၁) နေ ညီမ ဒေါ်ကျင်မွေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သင်တန်းတွင်လေ့လာခဲ့ရသည့် အတွေ့အကြုံဗဟုသုတများ လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာပေါင်းစပ်အသုံးချ ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်း

နေပြည်တော် ဧပြီ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း၌ လေ့လာခဲ့ရသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဆိုင်ရာ ရည်မှန်းချက် တာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပေါင်းစပ် အသုံးချနိုင်ရမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် အခါတိုင်း လေ့လာပြီးဖြစ်သည့် ဥပဒေ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများ သိရှိလေ့လာပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း၊ ရှင်းလင်းလွယ်ကူသည့် ဘဏ္ဍာရေးနှင့် အခွန်စနစ်များ၊ ချိုသာပြေပြစ်သည့် ပြောဆိုဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ တာဝန်နှင့် ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်း မပြုသော ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ကြာမြင့်ခဲ့

အဆိုပါ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၀၇) တွင် သင်တန်းသားအရာထမ်း ၅၇ ဦး တက်ရောက်ကြပြီး ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၁-၄-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အနိုင်းမဲ့မှ အနိုင်းမဲ့သို့ တရားတော် (အပိုင်း-၁) (အရှင်ဆန္ဒာဓိက)
၈း၀၀	ခါသင်္ကြန် အဆိုအက
၈း၀၅	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၈း၁၅	ခါသင်္ကြန် အဆိုအက
၈း၂၀	နိုင်ငံတကာအနုပညာရေးရာ
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	ခါသင်္ကြန် အဆိုအက
၉း၀၅	စေတနာသဒ္ဓါရဲ့ 'ရွှေညဝါ'၏ သာသနာ့အလှူပွဲ
၉း၂၅	ခါသင်္ကြန် အဆိုအက
၉း၃၀	Midweek Sports News
၉း၄၅	ခါသင်္ကြန် အဆိုအက
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း
၁၀း၀၅	ခါသင်္ကြန် အဆိုအက
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၀	ပြည်တွင်း သတင်းအကျဉ်း
၁၀း၅၀	ခါသင်္ကြန် အဆိုအက
၁၀း၅၅	အရည်အချင်းနှင့် စွမ်းရည်ကောင်း မြန်မာနိုင်ငံသစ်တောကျောင်း
၁၁း၂၀	ခါသင်္ကြန် အဆိုအက
၁၁း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆေးဝါးမိတ်ဆက်စာအုပ်ရေးသားသူ ဒေါက်တာမီမီကိုနှင့်တွေ့ဆုံခြင်း)
၁၂း၀၅	ခါသင်္ကြန်အဆိုအက
၁၂း၁၅	အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ခါသင်္ကြန် အဆိုအက
၁၂း၄၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၁း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Bayern Munich-AC Milan	5-Sports(Live)
	Liverpool-PSV Eindhoven	5-Series (Live)

နှစ်ဆန်းတစ်ရက် ဗဟိုအမျိုးသားသွေးလှူဘဏ် ဖွင့်မည်

ရန်ကုန် ဧပြီ ၁၀

ဧပြီ ၁၇ ရက်တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်တွင် စေတနာသွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန (ဗဟို အမျိုးသားသွေးလှူဘဏ်)ကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာသွေးလှူရှင်များ စိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပန်းပင်ကုန်း(၅) ရပ်ကွက် အောင်တေဇလမ်းနေ ကွယ်လွန်သူ သီလရှင်ဆရာလေး ဒေါ်အေးသီဂီ၏ဆန္ဒအရ တူဖြစ်သူတို့က အထွေထွေငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၁၀

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ မြို့တော်ခန်းမတွင် မတ် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အစီအစဉ်အရ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ Smart Business Group Co., Ltd. မှ ဒါရိုက်တာ ဦးအောင်ဖုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တက်ရောက်လာကြသူများသည် ကုန်စည်ပြပွဲကျင်းပရာ မြို့တော်ခန်းမပြင်ပတွင် ခင်းကျင်းရောင်းချနေသည့် လျှပ်စစ်ပစ္စည်းဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ စားသောက်ကုန်ပစ္စည်းဆိုင်များနှင့် လူသုံးကုန်ပစ္စည်းဆိုင်များကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့တော်ခန်းမအတွင်း ခင်းကျင်းရောင်းချနေသည့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းဆိုင်များ၊ စားသောက်ကုန်နှင့် အဝတ်အထည်ပစ္စည်းဆိုင်များ၊ အားကစားလေ့ကျင့်သည့် ပစ္စည်းဆိုင်များ၊ စတီးပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းနှင့် တိုင်းရင်းဆေး၊ နိုင်ငံခြားဆေးပစ္စည်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

ဖျော်ဖြေ

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ZEC နှင့် ZEK အီလက်ထရွန်နစ် ပစ္စည်းရောင်းဝယ်ရေးက အဓိကပံ့ပိုးကူညီပြီး ပွဲတော်အား ၂၀၀၇ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၄ ရက်အထိ ခင်းကျင်းရောင်းချခဲ့ရာ ဈေးရောင်းပွဲသို့ လာရောက်သည့် ပြည်သူလူထုကို စူပါစတားမော်ဒယ်လ်အေဂျင်စီမှ ဖက်ရှင်ပြပွဲ၊ မော်ဒယ်အလှပြပွဲများနှင့်အတူ တေးဂီတဖျော်ဖြေမှုများဖြင့် တင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ ၈ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ မရမ်းကုန်း ရော်ဘာခြံသို့ ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းတောင် ရော်ဘာနှင့် သီဟိုဠ်ခြံသို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးက စိုက်ပျိုးပြီး ရော်ဘာပင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရော်ဘာမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရ စက်မှုနယ်မြေသို့ ရောက်ရှိစစ်ဆေးရာဝန်ကြီးကတာဝန်ရှိသူတို့၏ ရှင်းလင်းချက်များအပေါ် စီမံကိန်းတစ်ခုချင်းအလိုက်တည်ဆောက်ရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှု စက်ရုံ စီမံကိန်း အလုပ်ရုံများတည်ဆောက်နေမှု လုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့မ ရပ်ကွက် ပါရမီစံကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုန္ဒရသိရီအား ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် ရှင်ပြုရဟန်းခံ အလှူတော် မင်္ဂလာပွဲကို ရန်ကုန်တိုင်း ကော့မှူးမြို့နယ် စမ်းကောက်ကျေးရွာ၌ ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (ဧပြီ ၁၃ ရက်)၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။ အကြိုပွဲအနေဖြင့် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်(ဧပြီ ၁၂ ရက်)ညတွင် ဆရာတော်၏ တပည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် သာသနဓဇ ဓမ္မာစရိယအရှင်တိက္ခဉာဏ အရှင်သူမြတ်က တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မိတ္ထီလာဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၂၉)၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တပညာစာရ အရှင်သူမြတ်သည် ရှမ်းပြည်နယ် နမ့်စမ်မြို့၌ ဧပြီ ၂၃ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

● *ရှေ့ဖုံးမှ*

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကမာရွတ် မြို့နယ်ရှိ ဟံသာဝတီ အခွန်လွတ်ဈေးသို့လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ငါး၊ နွားနို့နှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ငါး၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချိုရေငန် ငါးမျိုးစုံအရောင်းဆိုင်များ၊ နတ်သုဒ္ဓါ ငါးအသားလွှာ အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ခင်းကျင်းရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာဝန်ရှိသူများအား အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသော ဟင်းသီးဟင်းရွက်၊ အသားနှင့် ငါးများကို လတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်မှုရှိသည်များကိုသာ ရောင်းချရေး၊ ဈေးနှုန်းချိုသာပြီး အလေးချိန်ခွင် မှန်ကန်မှုရှိရေးနှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာဝယ်ယူစားသုံးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အခွန်လွတ်ဈေးမှပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်း၌ မိုးကုတ်မြို့ ရှမ်းစုရပ်နေ ဦးအောင်သိန်းမိသားစု၊ မြို့မရပ်နေ ဦးအောင်ကြည်မိသားစုတို့၏ ဒေသခံတိုင်းရင်းသား ၃၀၀ တို့အား စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက်အလှူရှင်ဦးအောင်သိန်း၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်လုံးတင်၊ သား သီရိသုဓမ္မမဏိဇောတဓရ ဦးတူးမောင်-ဒေါ်ထားထားအေး မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀၊ ဒေါက်တာကျော်ခိုင်-ဇနီး ဒေါ်စိန်ထွေး သား မောင်သက်တင်စိုး၊ မောင်ဇော်ဝင်းမောင် မိသားစုက ဗဟိုကျောင်း ကျောင်းဆောင်သစ်ကြီး အတွက် အလှူငွေကျပ် ၂၅ သိန်းနှင့် အလှူရှင်များက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပြုလွှာလက်ခံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကန်ပက်လက်မြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ နွေရာသီ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စကားပြော သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်း၍ အသင်းဝင် အဆိုပြုလွှာ ၂၀၀ ကို လက်ခံသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ပေါ်ရှိ ခရစ်ယာန် အသင်းတော်များသို့ သွားရောက်ပြီးသိက္ခာတော်ရဆရာတော်များ၊ သင်းအုပ်ဆရာတော်များနှင့် အသင်းသူ အသင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး အသင်းတော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသောခရိုင်အဆင့် အခြေခံကြံ့ခိုင်ရေးသင်တန်းသို့ သွားရောက်၍ သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်းနေ သီရိသုဓမ္မ မဏိဇောတဓရ ဦးထွန်းရှိန်နှင့် သမီးများက ဒေသခံတိုင်းရင်းသား ရှင်အပါး ၅၀၀ စုပေါင်း ရဟန်းခံရှင်ပြု အလှူမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပြုစုပျိုးထောင်ထားသော လက်ဖက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမ၌ ကျင်းပသော ခါနွေဦးကာလ နွေရာသီ သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး အသင်းဝင်အဆိုပြုလွှာ ၅၇၃ စောင်ကို လက်ခံရယူကာ သင်တန်းအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

အလှူတော်ငွေ

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မတူပီမြို့ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ မတူပီမြို့နယ် အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရ ဆရာတော်များ၊ ဓမ္မဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး အသင်းတော်များအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၆ ရက်တွင် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ခါနွေဦးကာလသင်တန်းများ ဖွင့်ပွဲနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အခြေခံကြံ့ခိုင်ရေးသင်တန်းအတွက်အလှူငွေကျပ်၁၀သိန်းနှင့် ဟီလောင်းကျေးရွာ ဖွိကျေးရွာအုပ်စုသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများနှင့် အဝတ်အထည်များအား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာ ၄၉၅ စောင်ကို လက်ခံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် မင်းတပ်မြို့ မြို့မ နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ မြို့နယ်အတွင်းရှိ ခရစ်ယာန် အသင်းတော်များသို့သွားရောက်ကာ သိက္ခာတော်ရ ဆရာတော်များ၊ ဓမ္မဆရာများနှင့် အသင်းသား အသင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး အသင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်များမှ အလုပ်အမှုဆောင်များအား တွေ့ဆုံ အမှာစကား ပြောကြားပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်ဆုယူ တာရေသွန်းချိန်မို့

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"နွေခါမိုးငယ်၊ ရာသီမိဿ ဂိမှာနမို့၊ စိတြကြယ် တိမ်မိုးလယ်မှာ၊စမွာယ်ကွန့်ကာ တိမ်ဖွေချာလျှင်၊ ဒေသစာလှမ်း လှည့်လည်ငယ်မြန်းလို့ နှစ်ဆန်းငယ်သင်္ကြန် သစ်သစ်သာ ဖန်တော့တယ် နိုင်ငံကြော့ ပြည်သူမှာ ပန်ဆုယူ တာရေသွန်းချိန်မို့ လွမ်းလှတယ်လေး။ ။"

(မဟာအတုလမင်းကြီး)

ဆောင်းနှောင်းရက် လွန်၍ ဂိမှန်ပေါ်ထွန်းပေတော့မည်။ နွေဦးလေရူးနှင့်အတူ ရွက်ဝါတို့ ဝေ့ဝေ့ ဝဲဝဲနေသည်။ နှင်းငွေ့နှင်းရည်တို့ ကုန်လွန်ခဲ့ပါပြီ။ တောင်ခိုးတွေဝေ၍ မြူခြေက ဆိုင်းနေသည်။ အသစ်ကူး၍ ပုရစ်ဖူးကလေးတွေဝေသော သာယာသည့်ရာသီကို ရောက်ခဲ့ပြန်ပါပြီ။

မြန်မာတို့၏ နွေဦးတွင် အမှတ်တရ သင်္ကေတ(၃)ခု ရှိနေပါသည်။ ပိတောက်၊ ဥသြနှင့် သင်္ကြန်တို့ ဖြစ်ပါသည်။ ပိတောက်က လွမ်းစရာ၊ ဥသြက ဆွေးစရာ၊ သင်္ကြန်က မြူးစရာ ဖြစ်ပါသည်။ ထိုသို့ ရသစုံ ခံစားနိုင်သော သာယာကြည်နူး ထိုနွေဦးကို မြန်မာတို့ ပိုင်ဆိုင်ထားပါသည်။ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ အင်ကြင်းပန်းနှင့် ပိတောက်ပန်း တို့သည် ဤလ၏ ရာသီပန်းများ ဖြစ်ကြသည်။ ထိုရာသီ ပန်းများထဲတွင် မြန်မာတို့၏ အနှစ်သက်၊ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး ပန်းမှာပိတောက်ပန်းပင်ဖြစ်ပါသည်။

"လတန်ခူးပေမို့၊ အလှထူး ပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့် ဘယ်ပန်းသော် စံမတူဘု၊ နန္ဒမူ ဖန်ဂူထိပ် မှာလ၊ ပစ္စေကာ ချွေးတော်သိပ် တောင်ခြေနှင့်တောတန်းကို လှမ်းမျှော်ကြည့်လျှင် မင်းလွင်ခေါ် မြူမြင်ပါးပါးတို့ ဝေ့ဝိုက်လွှမ်းခြုံနေတတ်သည်။ ထိုအခိုက် အဝေးမှလွင့်လာသော ဥသြငှက်တွန်သံကို သဲ့သဲ့ကြားနိုင်ပါသည်။ အလွန်ချိုသာသောအသံ၊ အလွန်ကြေကွဲစရာကောင်းသောအသံဖြစ်သည်။သို့သော် အသံရှင်ကိုမူ အလွယ်တကူမမြင်ရ။ ဥသြငှက်သည် မမြင်သာသော တစ်နေရာမှနေ၍ ချိုအေးသောတေးသံဖြင့် တန်ခူး၏ဂီတကို ဖန်တီးနေလေသည်။

ရွက်ဝါကြွေနွေဦး လေရူးက ဝေ့ဝဲနေသည်။ ရွာလယ်မှ သင်္ကြန်မဏ္ဍပ်ကြီးက ခံ့ညားလှသည်။သင်္ကြန်အကြို အိုးကလေးများက တစ်အိမ်တစ်အိုနှင့် အစီအရီတန်းနေသည်။ မြန်မာတို့နှစ်သစ်ကို ကြိုကြတော့မည်။

၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင်ဘိုးဘွားများအား လက်သည်းခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းဖြင့် ဤသို့ကုသိုလ်ဒါနပြုခဲ့ကြသည်။

(ဓာတ်ပုံ-တင်စိုး၊ (မြန်မာ့အလင်း)

တန်ခူးလသည် မြန်မာလများ၏ပထမလဖြစ်ပြီးမတ်လနှင့်ဧပြီလ ကာလတွင် ကျရောက်ပါသည်။ ဗေဒင်ဝေါဟာရအားဖြင့် ဤလကို မိဿရာသီဟု ခေါ်ပါသည်။ မိဿ၏ မူလပုဒ်ရင်းမှာ မေသာဖြစ်သည်။ မေသာသဒ္ဒါသည် ဆိတ်သတ္တဝါဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် မိဿရာသီကို အပူကြိုက်သော ဆိတ်သတ္တဝါတို့ နှစ်သက်သော ရာသီ၊ ဆိတ်နှင့်တူသော အဆင်းရှိသောရာသီဟု ရာဇမတ္တဏ်ကျမ်း၊ ဇောတိ သတ္တကျမ်းတို့၌ အဓိပ္ပာယ် ဖွင့်ဆို ထားပါသည်။ ဤလတွင် စိတြနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်မွန်းတည့်သည်။ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။

ကမ္ဘာပေါ်တွင်ရှိသောနိုင်ငံများစွာတွင် နွေရာသီဟူ၍ရှိကြပါသည်။ ထိုနွေများအနက် မြန်မာ့နွေက ထူးခြားလေးနက်လျက်ရှိနေပါသည်။ ၁၉၄၅ ခုနှစ်က ဖက်ဆစ်သရုပ်ကို အမြစ်ဖြုတ်ချေမှုန်းခဲ့သော တပ်မတော်နှင့်ပြည်သူတို့၏ စည်းလုံးညီညွတ်သော အောင်ပွဲက အထင်ကရ မော်ကွန်းတင်လျက်ရှိပါသည်။

ရတယ်၊ အေးရိပ်ဆာယာ။ မြူမင်းလွင်ထန်ကြူသင်း တာချိန်ယံမတော့ ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နှင့် ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့၊ သိန်သရေ ထိန်ဝေလို့တောက်တဲ့ပြင် လမ်းတစ်လျှောက် သင်းပါဘိဆန်း သလောက်မလင်းနိုင်ဘု ပန်းပိတောက်မင်း"

စာဆိုတော်ဦးကြော့ကပိတောက်ပန်းကို ဤသို့ ထူးခြားလေးနက်စွာ စာဖွဲ့ခဲ့သည်။ တစ်နှစ်တွင် တစ်လ တစ်လတွင် တစ်ရက်တည်းသာ ပွင့်သည့် မြန်မာတို့၏ ရာသီပန်းဖြစ်သည့် ပိတောက်ပန်းနှင့် ဧရာဝတီ မြစ်ကြီးသည်လွန်ခဲ့သောနှစ်၁၅သန်းမှစ၍ မြန်မာ့မြေကို အကျိုးပြုခဲ့သည်။ မြစ်ကြီးဧရာဝတီနှင့် ပန်းပိတောက်ကို တန်ဖိုးထား ချစ်မြတ်နိုးသူများသည် မြန်မာများ ဖြစ်ကြပါသည်။

တန်ခူးလတွင်တောပန်း၊တောင်ပန်းများ ဝေဝေဆာဆာ ပွင့်နေသကဲ့သို့ အချို့အပင်များရှိ သစ်ရွက်တို့ကလည်း ရင့်ရော်ကာ နီရောင်ဝါရောင် သန်းနေကြသည်။ ကြွေသည့်ရွက်ဝါတို့လည်း ဝေ့ဝေ့ဝဲဝဲကြွေကျဆဲ၊

"ပုရစ်တံ မြရည်သွေးငယ်နဲ့ နှစ်သင်္ကြန် လမည်ပေးမယ်လို့၊ လှကြည် ဆေးငယ်က တင်လိုက်တာ အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ် ရွှေမာလာတို့ ဗွေချာမှာ ရနံ့သင်းလို့ရယ်၊ ဟေမဝါ စုံမြိုင်တွင်းမှာ ဆင်းဖန့်ဖန့်ဝါ။"

စာတော်ဖတ် ဦးကြော့က တန်ခူးလ၏ သင်္ကြန်ရာသီချိန်အခါကို ဤသို့ဂုဏ်ထူးဝိသေသပြုကာ ဖွဲ့ဆိုခဲ့သည်။ နှစ်ဟောင်းကုန်ကျူး၍ နှစ်သစ်သို့ ကူးပေတော့မည်။ တောအလုံးသည် ရွက်သစ်ရွက်နုတို့ဖြင့် စိမ်းလန်း စိုပြည်လျက်ရှိသည်။ တပေါင်း၊ တန်ခူး၊ မိုးသားကျူး၍ လေရူးကဝေ့ဝေ့ ဝဲနေသည်။ နွေဦးလများ၏ အလှတရားသည် မြန်မာတို့၏နှလုံးသားကို ပဲ့တင်ထပ်စေခဲ့ပါသည်။ တန်ခူးလတွင် ပန်းရတနာတို့ လန်းဖြာသလောက် ရာသီ၏ အခြေအနေကလည်း ညွတ်နူးဖွယ် ကောင်းလှသည်။ မြူခြေဆိုင်းဆိုင်း၊ လေ ညင်းသုန်သုန် လွမ်းဟုန်ပွားဖွယ် ဖြစ်သည်။ **"တပေါင်း၊ တန်ခူး၊ မိုးသားကျူး"**ဆိုသည့် စကားအရ အာကာယံတွင် မိုးသားတိမ်တိုက်တို့ကလည်း ဆင်ယင်စပြုလာပြီ ဖြစ်သည်။

တန်ခူးလတွင် အပူရှိန်ပြင်းလာပြီဖြစ်သော်လည်း မိုးအနည်းငယ် ရွာသွန်းပါသည်။ နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင် အချိန်များတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာသွန်းလေ့ရှိသည်။ ထိုမိုးသည် မြေပြင်အနှံ့ ပြန့်ကြဲစုပုံ တည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခြေဆွတ် ယူဆောင်သွားလေသည်။ သူ၏ ရေယာဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များက စီးမျောလျက်ရှိပါသည်။"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဟူသော မိုးလင်္ကာအတိုင်း ထိုမိုးကို ဖက်စွတ်မိုးဟုလည်းကောင်း၊သင်္ကြန်မိုးဟု လည်းကောင်း ခေါ်ဝေါ်ကြပါသည်။ ထိုမိုးသည် သင်္ကြန်လက်ဆေးမိုးဖြစ်ပါသည်။ ထိုမိုးရွာသွန်းသောအခါ ပန်းမင်းပိတောက်တို့သည် ပင်လုံးကျွတ်ထိန်ဝါအောင် ပြည်လုံးအနှံ့ပွင့်ကြသည်။ ပိတောက်နံ့သင်းသော မြေသင်းရနံ့ကို မြန်မာတို့ ခံစားရပါသည်။

ထိုသင်္ကြန် မိုး ရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်း၊သစ်ခက်များတွင် ရွက်နု ရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည်။ တန်ခူးလနေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များပျံ့သင်းကြိုင်လှိုင်နေပါသည်။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းလာသည်ကို အလေးအမြတ်ထားကြသည်။ မိမိတို့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များကျင်းပ၍ နှစ်ဆန်းနှစ်သစ်ကို ကြိုဆိုလေ့ရှိကြသည်။ စာရေးသူတို့ မြန်မာမျိုးနွယ်စုတို့သည်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြမြဲ ဖြစ်ပေသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က "သင်္ကြန်ပွဲတော်"ဟု ခေါ်ဝေါ်ကြသည်။ သင်္ကြန်ဟူသော စကားသည် "သင်္ကြာန္တ"ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု ဝေါဟာရတ္ထပကာသနီကျမ်း (၃၅၉)နှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်း (၅၈)တို့၌ ဖွင့်ဆိုထားပါသည်။

ဗြာဟ္မဏဝါဒီ ပညာရှင်တို့ကမူ ဟိန္ဒူကျမ်းအချို့တွင် လာရှိသော "ကဝါလမိုင်းပုံပြင်"ကို ကိုးကား၍ သင်္ကြန်ဟူသော ဝေါဟာရ၏ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်။ သင်္ကြန်ဟူသော ဝေါဟာရတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း အဓိပ္ပာယ်သက်ဝင်လျက် ရှိပါသည်။ ထိုရာသီတွင် နှစ်သာလျှင် ပြောင်းလဲသည်မဟုတ် သစ်ပင်၊ပန်းပင်များသည်လည်း ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေဝေဆာဆာ ပေါ်ထွက်လျက် အသစ်တစ်ဖန် ပြောင်းလဲကြသည်ကိုလည်း တွေ့မြင်ရသည်။

ပကိဏ္ဏကနိပါတ်၊ ဒသဗြဟ္မဏဇာတ်၌ ဘုရင်မင်းမြတ်များ ခေါင်းဆောင်မင်္ဂလာပြုကြောင်း (ဝါ) သင်္ကြန်တော်ခေါ်ကြောင်းကို ဖော်ထားသဖြင့် ရှေးဧကရာဇ်တို့ သင်္ကြန်တော်ခေါ်ထုံး အစဉ်အလာရှိကြောင်း ထင်ရှားပေသည်။ ထို့အပြင် သုတ်မဟာဝါ ပါဠိတော် မဟာသုဒဿနသုတ်၌ မဟာသုဒဿနစကြာမင်းသည် ပန္နရသီဥပုသ်နေ့၌ တစ်သိန်းသော ဥစ္စာတို့ကိုစွန့်၍ အလှူကြီးပေးပြီးလျှင် အိုး၁၆ လုံး၌ ရှိသော နံ့သာရည်တို့ဖြင့် သင်္ကြန်တော်ခေါ်ကြောင်းလာရှိပေသည်။

ရှေးမြန်မာဘုရင်များ လက်ထက်က သင်္ကြန်အခါတော်ကို ဗေဒင်ကျမ်းများနှင့်အညီ တွက်ချက်ပေးရသည်။ နန်းတော်တွင် ဗေဒင်ကျမ်း၊ ဆန်းကျမ်း၊ နက္ခတ်ကျမ်း စသည်တို့၌ ကျွမ်းကျင်သူပညာရှိများသည် နှစ်စဉ်ပင်တွက်ချက်၍ မည်သည့်နှစ်တွင် ဝါထပ်မည်၊ မထပ်မည်၊ ဝါကြီးထပ်မည်၊ ဝါငယ်ထပ်မည်၊ ရက်ငင်မည်၊ မည်သည့်ဂြိုဟ်အကောက်သွားမည်၊ အဖြောင့်သွားမည်၊ နေကြတ်မည်၊ လကြတ်မည်စသည်တို့ကို တွက်ချက်၍ ဗေဒင်ဟောစာတမ်းများ ရေးပြီးဆက်သွင်းကြရသည်။ တစ်နှစ်တာဟောစာတမ်းကိုဘုရင်က သာသနာပိုင် ဆရာတော်အား ပြသရပေသည်။ သာသနာပိုင် ဆရာတော်ကလည်း ပညာရှိများ တွက်ချက်ယူဆပုံနှင့် ကိုက်ညီ၊ မကိုက်ညီကို တစ်ဖန်ညှိနှိုင်းစိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ထုတ်ဝေရန် အကြံပေးရသည်။ တစ်နှစ်တစ်ကြိမ် ထုတ်ဝေလေ့ရှိသည်။ ထိုဟောစာတမ်းကို"သင်္ကြန်စာ"ဟုခေါ်ကြသည်။

မြန်မာတို့၏ နှစ်သစ်ကူး သင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ထေရဝါဒဗုဒ္ဓသာသနာ၏အဆုံးအမဖြင့် ယဉ်ကျေးစွာ ကျင်းပကြသည်။ ရေပက်ကစားခြင်းတွင် ပိတောက်ခက်နှင့် ငွေဖလားဖြင့် ခံ့ညားစွာရေကစားကြသည်။သင်္ကြန်ကျသောရက်များတွင် မြန်မာတို့၏ စိတ်နှလုံးတွင် ကြည်နူးလန်းဆန်းလျက်ရှိကြပါသည်။ သင်္ကြန်ရက်အတွင်း ယိမ်းသမတို့၏အက၊ကာလသားတို့၏ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတို့ဖြင့် မြူးမြူးကြွကြွရှိလှသည်။

သင်္ကြန်ရက်အတွင်း ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကုန်းနှင့် ရွာလယ်လမ်း၊ ရေတွင်း၊ ရေကန်တို့ကို လူငယ်မောင်မယ်တို့ ပျော်ရွှင်ကြည်စယ်ကြရင်း သန့်ရှင်းရေး ပြုလုပ်ကြပါသည်။ တစ်ရွာလုံး သက်သတ်လွတ်စားလေ့ရှိကြသည်။ သက်ကြီး၊ ဝါကြီးများက ဥပုသ်စောင့်ကြသည်။ ဘုန်းတော်ကြီး ကျောင်းကို ဆန်၊ ဆီ၊ ဆား၊ ပဲမျိုးစုံနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ လှူဒါန်းကြသည်။ လူငယ်မောင်မယ်များက အမွှေးနံ့သာရည်များ၊ တရော်ကင်မွန်းများဖြင့် သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေး၍ ရေကန်တော့ကြသည်။ ခြေသည်း၊ လက်သည်း လှီးပေးကြသည်။ ရဟန်းခံရှင်ပြုပွဲများ ပြုလုပ်ကြသည်။ မဏ္ဍပ်များထိုးကာ မုန့်လက်ဆောင်း၊ ယာဂု၊ မုန့်လုံးရေပေါ်တို့ကို စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။ သင်္ကြန်တွင်းမှာ ရိုးရာပွဲပေမို့ လူကြီး၊ လူငယ်၊ ကလေး မကျန် ကြည်နူးပျော်ရွှင်ကြသည်။ လူတွေတင် မကပါ၊ ဘေးမဲ့လွှတ်ခြင်းခံရသည့် နွားများ၊ ဆိတ်များ၊ သိုးများ၊ငါးများစသည်ဖြင့် တိရစ္ဆာန်များလည်း ပျော်မြူးကြသည်။

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ဒါနက တဝေဝေ၊ ရေတွေက တရွဲရွဲ၊ နိုင်ငံကြော့ ပြည်သူမှာ ပန်ဆုယူ တာရေသွန်းချိန်မို့ မြန်မာ့သင်္ကြန်နှစ်ကူးကာလမှာ မင်္ဂလာအပေါင်းနှင့် ခညောင်းလျက်ရှိပါကြောင်း ရေးသားဖော်ပြ လိုက်ရပါသည်။ ။

ရဟန်းရှင်လူပြည်သူများ ကျန်းမာရေးအခမဲ့ကုသနိုင်ရန်ရည်ရွယ် ရန်ကုန်အရှေ့ပိုင်းနှင့်အနောက်ပိုင်းခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း

ဖြိုးစေတနာဆေးကုခန်းများဖွင့်၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးကျင်းပသော ဖြိုးစေတနာ ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက သက်ဆိုင်ရာနေရာအသီးသီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ချီးမြှင့်ပြီး ဖြိုးစေတနာဆေးကုခန်းများကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဖြိုးစေတနာဆေးကုခန်း ဖွင့်ပွဲ အခမ်းအနားကို နံနက် ၇ နာရီက သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ အဆိုပါခရိုင် အသင်းရုံး ဆေးကုခန်းဥပစာ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့်ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်းအတွင်းရေးမှူးဦးအေး မြင့်နှင့် ဆေးခန်းတာဝန်ခံ ဒေါက်တာ တိုးတင့်အောင်တို့က ဖြိုးစေတနာ ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် များနှင့် တာဝန်ရှိသူများသည် ဆေးကု ခန်းပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု နှင့် ပြည်သူများကျန်းမာရေးကုသခြင်း ခံယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြ သည်။

အမှာစကားပြောကြား

ထို့နောက် ဖြိုးစေတနာဆေးကုခန်း ဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါခရိုင်အသင်းရုံး ခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟို အလုပ်အမှုဆောင် မြို့တော်ဝန်က ဆေး ကုခန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဆေးပဒေသာပင် စိုက်ထူရန် အလှူရှင်စေတနာရှင်များ က အလှူငွေများကို ပေးအပ်လှူဒါန်းကြ ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးကျော်ဌေး(ဘိုဆန်းပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး)မိသားစု က ငွေကျပ် ၁၀သိန်း၊ ဦးသိန်းဟန် (တိုကျိုပိုက်နှင့် ပိုက်ဆက်ပစ္စည်းရောင်း ဝယ်ရေး)မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးအောင်သန်း(ဥက္ကဋ္ဌ ဒဂုံတောင်စက်မှု ဇုန်–၃)က ငွေကျပ်သုံးသိန်း၊ ဗိုလ်ကြီး လှိုင်မင်း(အငြိမ်းစား)ရွှေပေါက်ကံမြို့သစ် က ငွေကျပ်နှစ်သိန်း၊ မင်္ဂလာတောင်ညွန့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ဦးသောင်းလွင် မိသားစု (မြောက်ဥက္ကလာပမြို့နယ်)၊ ဦးတိုးခိုင်(မြောက်ဥက္ကလာပမြို့နယ်)၊ ဦးကျင်သိန်း (ရေပိုက်ထိန်းသိမ်းရေး ကော်မတီ) တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်မြင့် (ရေသွယ်ယူရေးကော် မတီ) တောင်ဥက္ကလာပမြို့နယ်၊ ဦးမြင့် လွင်(ဥက္ကဋ္ဌ၊ ရေသွယ်ယူရေးကော်မတီ) တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော် ကျော်ဦး (ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) မင်္ဂလာတောင်ညွန့်မြို့နယ်၊ သဃ်န်းကျွန်း မြို့နယ်(က)ရပ်ကွက်၊ (ခ)ရပ်ကွက်၊ ငမိုး ရိပ်ရပ်ကွက်နှင့် ကြီးပွားရေးရပ်ကွက်တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင်အလှူရှင် များက စုစုပေါင်းငွေကျပ်၃၀၁၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသည့် မြို့တော် ဝန်နှင့်ဒုတိယမြို့တော်ဝန်တို့ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေး အပ်ကြသည်။**(အပေါ်ဝဲပုံ)**

အလားတူ ရန်ကုန်အနောက်ပိုင်း ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဖြိုးစေတနာဆေးကုခန်း ဖွင့်ပွဲ အခမ်းအနားကို စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ မြို့နယ်အသင်းရုံးဥပစာ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ် ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းအသင်းအတွင်း ရေးမှူးဦးအေးမြင့်နှင့် ဆေးခန်းတာဝန်ခံ ဒေါက်တာတင်ထွန်းတို့က ဖြိုးစေတနာ ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။ ထို့နောက် ဖြိုးစေတနာ ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါမြို့နယ် အသင်းရုံးခန်းမ၌ ဆက်လက်ကျင်းပ ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော် ဝန်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ အလှူရှင် စေတနာ ရှင်များက အလှူငွေစုစုပေါင်းငွေကျပ် ၃၄၀၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော် ဝန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့်အနောက် ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးစေတနာ ဆေးကု ခန်းများကို ရဟန်းရှင်လူ ပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ကျန်းမာရေးအခမဲ့ ကုသနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပြီး အထွေထွေရောဂါများကို ကုသ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဖြိုးစေတနာ ဆေးကုခန်းကို တနင်္လာ၊အင်္ဂါ၊ ဗုဒ္ဓဟူး နေ့များတွင် မွန်းလွဲ ၁နာရီခွဲမှ ၃နာရီခွဲ အထိနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ၂နာရီမှ ညနေ၄နာရီအထိ လည်း ကောင်း၊ ရန်ကုန်အနောက်ပိုင်း ခရိုင် ဖြိုးစေတနာဆေးကုခန်းကို တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ည ၆နာရီမှ ၈နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားရှိ၍ ပြည်သူများအား ကျန်း မာရေး အခမဲ့ကုသပေးသွားမည် ဖြစ် ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၂၂) ထွက်ပြီ

ရန်ကုန် ဧပြီ ၁၀

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ် (၂၂)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။**(ယာပုံ)** အဆိုပါဂျာနယ်တွင်ချစ်စံဝင်း၊ ဒေါက်တာ ခင်မောင်ညို၊ ဒေါက်တာ သက်လွင်၊ ခင်ပန်နှင်း၊ ရှင်စိုးမိုးနှင့် ကျော်ဌေး(ဘီအေစီ)တို့၏ ဆောင်းပါးများအပြင် မြန်မာ့ ကျောက်မျက်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ရေး ကြပ်မတ်ဆောင်ရွက်၊ လှိုင်သာယာ အသုတ်(ရေကြည်) KV 230 ဧရာဝတီမြစ်ကျော်မဟာ ဓာတ်အားလိုင်း၊မြန်မာ့အိုင်စီတီ လောက တစ်ဆင့်လှမ်း၊ လက်ရှိ PAC ၁၃၄ ခုအပြင် နောက်ထပ်၂၀၀ ကျော် ထပ်မံဖွင့်လှစ်ဦးမည်၊ မော်တော်ယာဉ် သုံး သဘာဝဓာတ်ငွေ့(CNG)အရောင်းဆိုင်များတွင် အဆင် ပြေရန်စီစဉ်၊ ပါကစ္စတန် ကုန်စည်ပြပွဲ မြန်မာလုပ်ငန်းရှင် များ တက်ရောက်၊ အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးအပေါ် တရုတ်နိုင်ငံမှ ဝေဖန်ပြောကြား၊ အမေရိကန်ဒုံးကျည် ကာကွယ် ရေး အစီအစဉ်ကို ဂျာမနီက သတိပေး၊ မစ္စစ်ကလင်တန် နှင့် အိုဘားမား လူမည်းများကို မဲဆွယ်နေပြီ၊ အီရန်အပေါ် စီးပွားရေးပိတ်ဆို့ရန် အမေရိကန် အရေးတကြီး ဆောင်ရွက်၊ တစ်ရှိန်ထိုးမြင့်တက်လာသော ဂျပန်စီးပွားရေးနှင့် ကျေးလက် ဒေသများအတွက်ဘဏ္ဍာငွေသုံးစွဲမှုတရုတ်တိုးမြှင့်မည် စသည့် ပြည်တွင်း ပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာပါရှိ သည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင် စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ (၄၆)လမ်း မောင်မူ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈)ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာပါရမီ စာကြည့်တိုက် အဆောက်အအုံဖွင့် ကွန်ပျူတာ၊ စာအုပ်နှင့် စာစောင်များလှူဒါန်း

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ဆုန်ကုန်းကျေးရွာ ပညာပါရမီ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲနှင့် ကွန်ပျူတာ၊ စာအုပ်နှင့် စာစောင်များ လှူဒါန်းပွဲကို မတ် ၂၁ရက် နံနက် ၉နာရီက ဆုန်ကုန်းကျေးရွာ ပညာပါရမီ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်၊ စစ်ကိုင်းတိုင်းဦးစီးမှူး ဦးတင်သန်းဝင်းနှင့် အလှူရှင်ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆုန်ကုန်းကျေးရွာ ပညာပါရမီ စာကြည့်တိုက်အတွက် ကွန်ပျူတာနှင့် စာစောင်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ရွှေရင်အေးစပါး တိုးချဲ့စိုက်ပျိုးရေးတာဝန်ပေး

ကွန်ဟိန်းမြို့နယ် ရွှေရင်အေး စပါးတိုးချဲ့စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ်၂၈ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကား ပြောကြားပြီး မြို့ပေါ်ရှိ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ကျေးရွာအုပ်စု များမှ ကျေးရွာဥက္ကဋ္ဌများအား ရွှေရင်အေးစပါး တိုးချဲ့စိုက်ပျိုးရေး တာဝန်ကို ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးတလိုင်းပိုင်း ငါးကြော်ဖို အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၅၈)ကြိမ်မြောက် သက်ကြီး ဝါကြီးပူဇော်ပွဲကို ရပ်ကွက် အတွင်းရှိ အသက် ၇၀နှင့်အထက် အဘိုး ၁၆၇ဦး၊ အဘွား ၂၉၅ဦး စုစုပေါင်း ၄၆၂ဦးတို့အား နှစ်သစ်မင်္ဂလာ မြန်မာ နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကြည့်မြင်တိုင် ကျောင်းကြီးလမ်း မဟာပုညောပကာရ ဓမ္မာရုံကြီးတွင် ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ (က–ပ)

တမူးမြို့၌ စွယ်တော်လမ်း ကတ္တရာလမ်းသစ်ဖွင့်

တမူးမြို့ စန္ဒကူးရပ်ကွက်စွယ်တော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးဖေဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်က လမ်းနှင့်ပတ် သက်သည်များကို ရှင်းလင်းတင်ပြ ပြီး ခရိုင်ဥက္ကဋ္ဌဦးဖေဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးဘာလန် တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

မိုင်းဖြတ် ထွေ/အုပ် ဝန်ထမ်းဝတ်စုံပေးအပ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ် ရေး ဦးစီးဌာနမှ ဝန်ထမ်းများအား ဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၁၉ရက်က မိုင်းဖြတ်မြို့နယ် အထွေ ထွေ အုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်ဒုတိယဦးစီးမှူး ဦးနေထွန်းသန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ထမ်း ၁၇ဦး အတွက် ထောက်ပံ့ ပေးအပ်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ကနီ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်

မုံရွာခရိုင် ကနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စည်းရုံးရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၉ နာရီက ကနီမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူးဦးချစ်ကိုကိုက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဆယ်ဝင်းက သင်တန်းစည်းကမ်းများကိုလည်းကောင်း ဆွေးနွေးကြသည်။ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု၄၈အုပ်စုမှ ရပ်ကွက်၊ ကျေးရွာ စည်းရုံး ရေးမှူး ၈၃ဦးတို့ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂပူ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နွေရာသီသင်တန်းများဖွင့်

အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီသင်တန်းများဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၈ နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းက သင်တန်းဖွင့်အမှာ စကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက သင်တန်းများ ဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ယခုနှစ် နွေရာသီသင်တန်း ၁၂ မျိုး ဖွင့်လှစ်လျက်ရှိရာ သင်တန်းများသို့ အသင်းဝင် ၁၉၁၈၀ တက်ရောက် လျက်ရှိကြောင်း သိရသည်။ (၁၃၁)

မက်မန်းနှင့် မိုင်းပျဉ်းမြို့များ၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ပြည်နယ်အထူးကု ဆရာဝန်ကြီးဒေါက်တာ မြင့်အောင် ခေါင်းဆောင်ပြီး ဆေးရုံအုပ်ကြီးဒေါက်တာဌေးကြွယ်၊ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာဖေမြင့်၊ သွားအထူးကုဆရာဝန် ဒေါက်တာဝဏ္ဏစိုး၊ အရိုးအထူးကုဆရာဝန် ဒေါက်တာ ခိုင်စိုးထွန်း၊ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ယဉ်ယဉ်ဌေးနှင့် မက်မန်းနယ်စပ်ဆေးရုံ တာဝန်ခံဒေါက်တာမျိုးခိုင်တို့သည် ဖေဖော်ဝါရီ ၂၂၊၂၃ ရက် များတွင် မက်မန်းမြို့၊ မိုင်းပျဉ်းမြို့ကွက်များတွင် ဒေသခံတိုင်းရင်းသူ၊ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကုသပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အခြေခံအရေးပေါ်သင်တန်းဖွင့်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အခြေခံအရေးပေါ် သင်တန်းအမှတ်စဉ်(၁/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၄ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့ မိုးလုံလေလုံအားကစားခန်းမတွင်ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းမေက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေး သည်။ အဆိုပါ အရေးပေါ်အခြေခံသင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ (ခရိုင် ပြန်/ဆက်)

ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ လျှပ်စစ်မီးသွယ်တန်းရန်အတွက် ဧပြီ ၁၀ ရက်က အလုံမြို့နယ် သစ်တောလမ်းနေ ဒေါက်တာသိန်းထွန်း–ဒေါက်တာဒေါ်သန်းတိုး မိသားစုကလှူဒါန်းသည့် အလှူငွေကျပ် သုံးသိန်းကို အလှူရှင်မိသားစုကိုယ်စား ဒေါ်ခင်မိုးလွင်က ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅)မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ကျောင်းတိုက်ကြီးအတွင်း၌ ဧပြီ ၁၂ ရက်မှ ၂၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရိပ်သာပဓာန နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ BA)ကိုယ်တော်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ လူဦးရေ ကန့်သတ်ချက်ရှိသဖြင့် ဖုန်း–၀၉–၅၁–၃၇၀၈၆ သို့ ကြိုတင်စာရင်းပေးနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ထီးတော်တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ ၃၁ လမ်းနေ ဦးအောင်နိုင်–ဒေါ်နန္ဒာ မိသားစုတို့က အလှူငွေကျပ် ၁၃၇၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်ဦး၊ ဦးထွန်းဝင်း၊ ဦးသိန်းဦးတို့က လက်ခံရယူစဉ်။ (က–ပ)

မြတမာဆရာတော် တရားပွဲများ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇ ရပ်ကွက် ရောဝဏ်လမ်း မုံရွာ မြတမာကျောင်းတိုက် ပဓာန နာယက နယ်လှည့် သာသနာပြု ဓမ္မကထိက မြတမာ အရှင်ဥတ္တမာစာရသည် ဧပြီ ၁၂ ရက်တွင် ရှမ်းတဲကြီးအောက်ရွာ ရွာသစ်ပိုင်း ရှင်ပြုရဟန်းခံ၊ ၁၃ ရက်တွင် သာကေတ ၂/မြောက် လမ်းသစ် ၂ လမ်း၊ ၁၄ ရက်တွင် သာကေတ ဝေဇယန္တာ ၁၁ လမ်း အနောက်၊ ၁၅ ရက်တွင် သာကေတ ၅ ရပ်ကွက် သိင်္ဂီ ၃ လမ်းမြောက်၊ ၁၆ ရက်တွင် မင်းကွန်းဓမ္မသာရကျောင်း သာကေတ၊ ၁၇ ရက်တွင် အောင်သုခ ၁၉ လမ်း၊ ၂၈ ရက် ၂၉ ရက်တွင် ဝေါမြို့နယ် လေးအိမ်စုရွာ ညောင်ရေသွန်းအကြို ဓမ္မသဘင်တရားပွဲများ၌ ဟောကြားတော်မူပြီး ဆရာတော်အား ဆက်သွယ်လိုပါက ဖုန်း–၀၁–၅၄၇၁၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

လှူဒါန်း

အမှတ် ၅၆ ဆရာစံလမ်း ဗဟန်းမြို့နယ်နေ ဦးကျော်ထင်–ဒေါ်ညွန့်ညွန့်ရွှေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ရခိုင်ရိုးရာနံ့သာသွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရလမ်းနှင့် ကျားကွက်သစ်လမ်းထောင့် အမက(၂၈)ကျောင်းတွင် စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာ နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ ဆွမ်းဆန်တော်ပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၃ ရက် နံနက် ၆ နာရီမှ ၉ နာရီအထိ ရခိုင်တိုင်းရင်းသားများအားလုံး မိမိတို့ရိုးရာမပျက် နှစ်စဉ်ဆင်နွှဲလျက်ရှိသော နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ စီတန်းလှည့်လည်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်(UNEP)တို့ ပူးပေါင်း၍ လေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဧပြီ ၉ ရက်က ကျင်းပရာ အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက အမှာစကားပြောကြားသည်။

အမှာစကားပြော

ထို့နောက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဌာနဆိုင်ရာ ကိုယ်စားလှယ်များက လေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာနှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြား ဆွေးနွေးကြသည်။

သင်တန်းပို့ချ

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ပံ့ပိုးပေးထားသည့် လေအရည်အသွေးတိုင်းတာသည့် ကိရိယာအသုံးချနည်းသင်တန်း ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ စီမံမှုဖြင့် မတ် ၃၀ ရက်က အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပင်မပစ္စည်းထိန်းဌာန မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် ဦးစီးအရာရှိ ရဲသူရိန်ဌေးဝင်းက ဂက်(စ်)မီးဖိုမီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ (က–ပ)

မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် ဧပြီ ၁၀

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဧပြီ ၅ ရက်က စုပေါင်း ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာချင်းဆက်လမ်းပြန်လည်ပြုပြင်

ရန်ကုန် ဧပြီ ၁၀

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ကျေးရွာချင်းဆက် မြေသားလမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မတ် ၂၅ ရက် နံနက် ၆ နာရီက ဖြူးမြို့နယ် သာစုကန်ကျေးရွာအုပ်စု ဇေယျဝတီမြို့ဟောင်းမှ ဆားဂွန်းကျေးရွာထိပ်ကိုဖြတ်၍ ရန်ကုန်–မန္တလေး မော်တော်ကားလမ်းအထိ အရှည် သုံးမိုင်၊ အမြင့် သုံးပေ၊ အကျယ်ပေ ၂၀ ရှိ မြေသားလမ်းအား သာစုကန်ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမန်းနီးကူးမားနှင့် ကျေးရွာအုပ်စု အသင်းဝင်များ၊ ကျေးလက် ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က စုပေါင်းပြုပြင်ကြသည်။

ထိုနေ့နံနက် ၁၀ နာရီတွင် ကျေးရွာချင်းဆက် မြေသားလမ်း ပြုပြင်ပြီးစီးသဖြင့် လမ်းဖွင့်ပွဲကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(၂၈၄)**

မြဝတီရုပ်မြင်သံကြား

၁၁–၄–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ ခါသကြိန်အဆိုအကများ
၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ခါသကြိန်အဆိုအကများ
၆:၃၅ ၁၅။ လျှပ်တစ်ပြက်
၆:၄၀ ၁၆။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း–၁၈)

အင်တာနက်ဖောင်ပိတ်သတင်း

သီရိလင်္ကာတောင်ပိုင်း၌ ကားနှစ်စီးတိုက်မိ ၂၅ ဦးသေဆုံး၊ ၅၀ ဒဏ်ရာရရှိ

ကိုလံဘို ဧပြီ ၁၀

သီရိလင်္ကာနိုင်ငံတောင်ပိုင်း၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် ဘီယာပုလင်းများတင်ဆောင်လာသော ကုန်တင်ကားတစ်စီးတို့သည် ခေါင်းချင်းဆိုင်တိုက်မိကြရာ အနည်းဆုံး လူ ၂၅ ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သေဆုံးသူအများစု

အဆိုပါယာဉ်တိုက်မှုကြောင့် ခရီးသည် ၅၀ ဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ၎င်းယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်ပြီးနောက် ကားနှစ်စီးစလုံး မီးလောင်သွားခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ ဘတ်စ်ကားပေါ်မှ ဖြစ်ကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

အဓိကပြဿနာ

သီရိလင်္ကာတွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရ ပို့ဆောင်ရေးဦးစီးဌာနက ထူထောင်ထားသော ဘတ်စ်ကားအစီး ၂၅၀၀၀ ရှိပြီး ဘတ်စ်ကား မတော်တဆဖြစ်ပွားမှုများသည် ယင်းနိုင်ငံ၏ အဓိကပြဿနာဖြစ်လာသည်ဟု ဆိုသည်။

အဆိုပါယာဉ်တိုက်မှုသည် မြို့တော် ကိုလံဘိုမြို့တောင်ဘက် မိုင် ၅၀ အကွာ အဝေးပြေးလမ်းမပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တိုင်းအတွင်း ကျောင်းအဆောက်အအုံများ ပြုပြင်ရန် အလှူငွေပေးအပ် တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ပညာရေးကော်မတီကကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း ကျောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၇ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် လှငွေးဝင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးလှစိုးတို့က ပညာရည်မြင့်မားရေးနှင့် အခမ်းအနား ကျင်းပရခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ငွေကျပ် ငါးသိန်းကို တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းထံ ပေးအပ်လှူဒါန်းသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ဘုရင့်နောင်ရေထွက်ကုန်ပစ္စည်းပွဲရုံများ လူမှုရေးအဖွဲ့က ငွေကျပ်သိန်း၁၅၀၊ ဒဂုံမြို့သစ် (တောင်ပိုင်း)အမှတ်(၂)စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၃) စက်မှုဇုန်၊ ဦးနေဝင်းထွန်း(ပတ္တမြား နဂါးကုမ္ပဏီ) တို့က ငွေကျပ်သိန်း ၁၀၀စီ၊ တွံတေးမြို့နယ် ရွှေမယင်း ငါးမွေးမြူရေး လုပ်ငန်းရှင်များက ငွေကျပ် ၅၅သိန်း၊ ဦးနေဝင်း(ရတနာရှိုးဟိုတယ်)၊ ဦးလှရွှေ (အ-ထ-က(၅)တာမွေကျောင်းအကျိုးတော်ဆောင်)နှင့် ရွှေယမင်း ဒေသ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် Asia World Co., တို့က ငွေကျပ်သိန်း ၅၀စီ၊ Tianjin Taiarshi Group Co., Ltd. နှင့် Sky Lion Trading Co., Ltd. ၊ ဦးဟင်ဘီး(Sunlight Fibre Glass)၊ ဒေါ်ဖြူဖြူဝင်းဆွေ (မင်းမဟာ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ကမ္ဘောဇဘဏ်နှင့် ရွှေပုဇွန်မိသားစုတို့က ငွေကျပ်သိန်း ၃၀စီ၊ ဒေါပုံ မြို့နယ် အ-လ-က(၁)၊ အ-မ-က(၆)တို့မှ ကျောင်းအကျိုးတော်ဆောင်များက ငွေကျပ် ၂၅သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်နှင့် ဇနီးဒေါ်စန်းကြည်(သီရိရတနာမဥ္ဇူသာ ကုမ္ပဏီ)က ငွေကျပ်၂၁သိန်း၊ ဦးနေလင်းဦး၊ ဦးဇော်နိုင်ဦး Naing Group ဆောက်လုပ်ရေးနှင့် ဦးတင့်လွင် (မြန်မာကဲ့ကော် ကုမ္ပဏီ)Grand Wynn Co.တို့က ငွေကျပ်သိန်း၂၀စီ၊ HAT သံထည်ပစ္စည်း ရောင်းဝယ်ရေးနှင့် ဦးအောင်သိန်းထွန်း(Tri Adversting Group)တို့က ငွေကျပ် ၁၅ သိန်းစီ၊ ဦးတင်မောင်အေးက ဒေါ်လာ ၁၀၀၀၊ ဦးစိုးတင့် (စိုးအီလက်ထရောနစ်)က ငွေကျပ် ၁၂ သိန်း၊ ဦးစောတင်ဝင်း Tower Studio၊ ဦးသိန်းနိုင် (၇သုံးလုံး ပလတ်စတစ်)၊ ဦးကျော်မင်း (ရွှေပြည်နန်းကုမ္ပဏီ)၊ ဦးစိန်မြင့် (ဥရောပ အာရှကော်မာရှယ် ကုမ္ပဏီလီမိတက်)၊ မြောက်ဥက္ကလာပ မြို့နယ် ရပ်မိရပ်ဖများ၊ ဦးထွန်းထွန်း-ဒေါ်မာမာ၊ ဒေါက်တာခင်မောင်ဝင်း- ဒေါက်တာ ဝေဝေမိသားစု၊ မထသ (မြို့တွင်း)၊ မထသ(အဝေးပြေး)၊ ရွှေကမ္ဘာကျော်ပွဲရုံလုပ်ငန်းရှင် ဦးဝင်းအောင်၊ ဦးမြင့်နိုင် (ပေလီဆောက်လုပ်ရေး)နှင့် ဦးမောင်မောင်အေး (ကြောင်နက်မင်းကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ အပါအဝင် အလှူရှင် ၁၀၅ဦးတို့က အလှူငွေစုစုပေါင်း ၁၂၄၈၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ် (၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိ သူများက လက်ခံကြသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အမှာစကား

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းနိုင်

ယနေ့အခမ်းအနား၌ အလှူရှင်များ လှူဒါန်းကြသည့် အလှူငွေများဖြင့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ၁၀ကျောင်း၊ အလယ်တန်းကျောင်း ၁၃ကျောင်းနှင့် မူလတန်းကျောင်း ၁၀၂ကျောင်း စုစုပေါင်း ၁၂၅ကျောင်းကို ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင် ပြည်သူများ အနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်းအမှတ် ၀၁-၃၇၀၅၀၆၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၁၀

ဦးရန်နိုင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဧပြီ ၄ရက် ညနေ ၃နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ကိုက် ၁၇၀ အကွာမှ Tour Special (1) ဘောလုံးကို Ping (G.5) IRON-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၊ ကိုခက်၊ ကိုတောက်တို့နှင့် အတူကစားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ကွယ်လွန်သူဇနီး ဒေါ်ခင်မျိုးမင်း လေးနှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၂)ရပ်ကွက် လက်ဝဲသုန္ဒရလမ်း အမှတ်(၁၃၈)နေ ခင်ပွန်းဖြစ်သူ ဦးတင်မောင်ထွေးချို၊ သမီးကြီး ဆုယမင်းတင်၊ သမီးငယ် ယုသဇင်မျိုး မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

၂၀၀၇ခုနှစ် စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ လောင်းလှေကြီးများဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဧပြီ၁၂ရက် ညနေ ၃နာရီတွင် နံ့သာသွေးပွဲ၊ ၁၃ရက် နံနက် ၈နာရီတွင် ဘုရားရေသပ္ပာယ်ပွဲနှင့် ညနေ ၃နာရီမှ ၆နာရီအထိ ရိုးရာအဆို၊ အကဖျော်ဖြေပွဲတို့ဖြင့်လည်းကောင်း၊ ၁၄မှ ၁၆ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ရခိုင်ရိုးရာသင်္ကြန်ပွဲကို ကျင်းပမည်ဖြစ်ရာ ရခိုင်ရိုးရာ အစားအစာများ ဝယ်ယူစားသုံးနိုင်ကြပြီး ပျော်ရွှင်စွာ ရေပက်ကစားကြရန် ၂၀၀၇ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ရခိုင်ရိုးရာ သင်္ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၀

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းမှ (၁၆) ကြိမ်မြောက် ရက္ခိုင်ရိုးရာသင်္ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ (ရခိုင်ပြည်နယ်ဓမ္မာရုံ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရခိုင်သင်္ကြီးအဘိုးရှင်၊ အဘောင်ရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၇နာရီမှ ၁၈နာရီ အတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းမဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ကလေးလူနာများ အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဧပြီ ၁၀

အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ(ခုတင်- ၃၀၀)၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသော ကလေးလူနာများ အသုံးပြုရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ပြည်လှဖေနှင့် ဒေါ်ခင်ခင်ကြီးအား အမှူးထား၍ အင်္ဂလန်နိုင်ငံ ကလေးရောဂါအထူးကု ဆရာဝန်ကြီးပါမောက္ခ ဒေါက်တာတင်မောင်လှနှင့် ရန်ကုန်မြို့နေ ညီအစ်ကို မောင်နှမမိသားစုများက ဆေးရုံသုံး ပစ္စည်းကိရိယာများကို ဧပြီ ၃ ရက် နံနက်ပိုင်းက အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)သို့ လာရောက်လှူဒါန်းရာ ပါမောက္ခ ဗိုလ်မှူးကြီး ကျော်ညွန့်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

နယ်စပ်/ စည်ပင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် စည်ပင်သာယာ လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ၉ရက် နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ဝန်ကြီးက ဝန်ကြီးဌာန၊ ဦးစီးဌာနမှချမှတ်ပေးထားသော ရည်မှန်းချက်များ အောင်မြင်အောင် တာဝန်ကျေပွန်စွာ ကြိုးကြိုးစားစားဆောင်ရွက်ကြရန်၊ စည်ပင်သာယာရေးလုပ်ငန်းများကိုဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူများအတွက် စေတနာထားဆောင်ရွက်ပေးရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်က သင်တန်းကျောင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ချီးမြှင့်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်းဒုတိယကျောင်းအုပ်ဦးစောချစ်သိန်းက သင်တန်းကျောင်း၏ သင်ကြားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး သင်တန်းကျောင်းရှိ သင်တန်းသားတိုင်းရင်းသားလူငယ်များအတွက် ထောက်ပံ့ငွေများ ချီးမြှင့်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ဘားအံမြို့ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ်သထုံမြို့သို့ ရောက်ရှိပြီး သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေက မော်လမြိုင်မြို့ မြို့ရေပေးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက မော်လမြိုင်မြို့ ရေဖူလုံစွာရရှိရေးအတွက် ရေပိုက်လိုင်းများ ပြင်ဆင်ခြင်း၊ ရေကန်များပြင်ဆင်ခြင်း စနစ်တကျဆောင်ရွက်သွားရန် မှာကြားပြီး မော်လမြိုင်၊ သထုံ၊ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်အလိုက် ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို စနစ်တကျ အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

အရှိန်အဟုန်မြှင့်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးသက်အောင်က မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို မြေပုံကားချပ်ဖြင့်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးပေးပြီး ဝန်ထမ်းများအား အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၉ ရက်က ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အထိမ်းအမှတ် ညစာစားပွဲတွင် အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့်က နိုင်ငံတော်ကချီးမြှင့်သည့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိသည့် အသင်းသူ ဒေါ်ဝင်းဝင်းဋ္ဌေး(မငယ်)အား ဂုဏ်ပြုမှတ် တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)

နေပြည်တော်-မော်လမြိုင် အမြန်လူစီးရထားခရီးစဉ်သစ် စတင်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၁၀

နေပြည်တော် ဖွံ့ဖြိုးစည်ကားလာမှုနှင့်အတူခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှု လိုအပ်ချက် တိုးမြှင့်လာသည့်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ၂၀၀၆ခုနှစ် မေ ၁၈ ရက်တွင် နေပြည်တော်-ပုဂံ-နေပြည်တော်အမြန်လူစီးရထားခရီးစဉ်ကိုလည်းကောင်း၊အလားတူ ၂၀၀၆ခုနှစ် မေ၂၅ရက်တွင် နေပြည်တော်-ပြည်-နေပြည်တော် အမြန်လူစီးရထားခရီးစဉ်ကို လည်းကောင်း၊ ၂၀၀၆ခုနှစ် ဇွန် ၇ ရက်တွင် နေပြည်တော်-မန္တလေး-နေပြည်တော် အမြန်လူစီးရထားခရီးစဉ်ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ အမြန်လူစီးရထား ခရီးစဉ်ကိုလည်းကောင်း ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။

အမြန်လူစီးရထား

ယခုအခါ နေပြည်တော်မှမော်လမြိုင်သို့ ခရီးသွားလာမှုများ တိုးတက်များပြားလာသည့်အလျောက် ၂၀၀၇ခုနှစ် ဧပြီ ၂၂ရက်မှ စတင်၍ နေ့စဉ် နေပြည်တော်မှ မော်လမြိုင်သို့ အမြန်လူစီးရထားတစ်စင်းနှင့် မော်လမြိုင်မှ နေပြည်တော်သို့ အမြန်လူစီးရထားတစ်စင်း ပြေးဆွဲမည်ဖြစ်သည်။

ယခင်က နေပြည်တော်မှ မော်လမြိုင်သို့ ရထားဖြင့်သွားလာရာတွင် ပဲခူးမှတစ်ဆင့် သွားလာရပြီး ယခုအခါတွင် အသစ်ဖောက်လုပ် ဖွင့်လှစ်တော့မည့် ဒိုက်ဦး-မြစ်ကျိုး-စစ်တောင်းဖြတ်လမ်းကို အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရထားလမ်းခရီးမိုင်အရ ၃၈မိုင် တိုတောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကြေညာထားမည်

နေပြည်တော်-မော်လမြိုင် အမြန်လူစီးရထားသည် ပျဉ်းမနားဘူတာမှ နေ့စဉ် နံနက် ၅ နာရီခွဲတွင် လည်းကောင်း၊ မော်လမြိုင်-နေပြည်တော်အမြန်ရထားသည် မော်လမြိုင်မှ နေ့စဉ် နံနက်၇နာရီတွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီးတွင် တောင်ငူ၊ ဒိုက်ဦး၊ အိမ်ခြေလေးဆယ်၊ ဆတ်သွားကုန်း၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာများ၌ ရပ်တန့်သွားမည်ဖြစ်ကြောင်းနှင့် အချိန်စာရင်းအသေးစိတ်ကိုသက်ဆိုင်ရာ ဘူတာများ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့နယ် သိမ်ကုန်းကျောင်းတိုက်သင်္ကြန်တွင်းတရားပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု သိမ်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ(သိရီပဝရ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ-ကိုလံဘို)က သင်္ကြန်အခါသမယတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ သံဃာတော်အရှင်သူမြတ်များနှင့် ယောဂီများအတွက် လှူဒါန်းသော အလှူရှင်များမှာ ဦးအောင်စိုးဦး-ဒေါ်ချိုချိုထွန်း မိသားစု၊ ဒေါ်စိန်သန်းမိသားစု၊ ဦးအေးမင်းသိန်း-ဒေါ်မျိုးပပဦးမိသားစု၊ ဦးဖုန်းမြင့်-ဒေါ်အေးအေးဝမ် မိသားစု၊ ဦးကျော်ဇော-ဒေါ်စမ်းစမ်းမို့ မိသားစု၊ ဦးမြင့်သန်းဦး-ဒေါ်အေးသန်း မိသားစု၊ ဦးထွန်းမြင့်-ဒေါ်ရင်ရင်ရွှေ မိသားစု၊ ဦးမျိုးမင်း-ဒေါ်သန္တာ မိသားစု၊ ဒေါ်မြင့်မြင့်အေး မိသားစု၊ ဦးဟုတ်တင်-ဒေါ်မိုးစပယ် မိသားစု၊ ဦးသန်းညွန့်-ဒေါ်ကျင်လေး မိသားစု၊ ဒေါ်တင်တင်နွယ်နှင့် ညီအစ်မများ၊ ဦးသန်းဦး-ဒေါ်မိုးသဲဖြူ မိသားစုတို့၏ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်းရှိ ရေမြောင်းများသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မြို့တော်စည်ပင်သန့်ရှင်းရေးအဖွဲ့များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့်အဖွဲ့ဝင်များ ရပ်မိရပ်ဖများက မတ်၃၀ရက်အထိ မြောင်းများ တူးဖော်သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၃၈၇)

ဦးသီလာစာရ(မလှိုင်) တရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဘုရင့်နောင်လမ်း သာသနအောင်မြေကျောင်းတိုက်မှ စာချဆရာတော် ဦးသီလာစာရ(မလှိုင်) အရှင်သူမြတ်သည် ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ကျိုက်ဝိုင်းဘုရားအနီး သာယာအေးရပ်ကွက် သာယာအေးလမ်းရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ကျင်းပမည့် တရား စခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပါဠိကာရီဆရာတော်ဓမ္မခရီး

ရန်ကုန် ဧပြီ ၁၀

သာကေတမြို့နယ် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ချမ်းမြေနန္ဒာပါဠိကာရီပရိယတ္တိစာသင်တိုက်ကြီးနှစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ ဘဒ္ဒန္တအင်္ဂိသပါဠိကာရီ ဆရာတော် အရှင်မြတ်သည် ဧပြီ ၁၃ ရက်တွင် မင်္ဂလွန်း သန်လျင်မြို့၊ ၁၄ ရက် ထေရဝါဒဓမ္မရောင်ခြည်ကျောင်းတိုက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၁၅ရက် သင်္ဃ ၃ လမ်း ၅ ရပ်ကွက် သာကေတ၊ ၁၆ ရက် စစ်ပင်ကွင်းဘယက် သန်လျင်၊ ၁၇ရက် သဗ္ဗမင်္ဂလဓမ္မဗိမာန် ၄ မြောက် သာကေတ၊ ၁၈ ရက် နှစ်သစ်မင်္ဂလာ ကြည်စုရပ်ကွက် ဒေါပုံ၊ ၁၉ ရက် ခုနစ်ရက်ဝိပဿနာစခန်း ပါဠိကာရီ ပရိယတ္တိစာသင်တိုက် သာကေတ၊ ၂၀ ရက် စက်သုံးလုံး ဝိပဿနာရိပ်သာ လှည်းကူးမြို့၊ ၂၁ ရက် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ရန်ကင်း ရန်ကုန်မြို့တို့တွင် မဟာစည်ဆရာတော်ကြီး ဩဝါဒနည်းနိဿယအတိုင်း မဟာသတိပဋ္ဌာန် အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန် မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)ကို ဧပြီ ၅ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှလှသန်းက အဖွင့် အမှာစကား ပြောကြားစဉ်။ (၀၄၆)

ထူးချွန်ဆုချီးမြှင့်

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကွန်ပျူတာ အခြေခံသင်တန်း (၃/၂၀၀၆-၂၀၀၇) (အချိန်ပြည့်)နှင့် ကွန်ပျူတာ မွမ်းမံသင်တန်း (၃/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း) ဆင်းပွဲတွင် ထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သစ်တော)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကွန်ပျူတာအခြေခံနှင့် မွမ်းမံသင်တန်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်း (၃/၂၀၀၆-၂၀၀၇)(အချိန်ပြည့်)နှင့် ကွန်ပျူတာမွမ်းမံသင်တန်း(၃/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း)ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန ခန်းမဦကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ဝန်ကြီးနှင့်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းလှိုင်တို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြ၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းကိုရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၉ဦးတို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝိတဒါနလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမွေးမြူရေးဌာနခွဲ လက်အောက်ရှိ ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း(လှော်ကား)၊ လေးဒေါင့်ကန်စခန်းနှင့် ကန်တော်ကြီးရေချိုငါးဥယျာဉ်တို့မှ ၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အများပြည်သူများဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေ(မင်္ဂလာကန်တော်ကြီး)၊ ရွှေပြည်သာမြို့နယ် (သာဓုကန်ဘုရား)၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား (သွေးဆေးကန်)၊စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ရေချိုငါး ဥယျာဉ်(ကန်တော်ကြီး)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးကျည်းစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည် ဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ကောင်ရေ ၁၀၀၀နှင့်အထက်ကြိုတင် မှာယူလိုသူများသည် ဖုန်း-၀၁-၂၂၂၉၆၂၊ ၂၂၈၆၂၄၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၅၅၅၆၁၃တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ကွယ်လွန်သူဦးကြည်ညွှန့်(ချစ်ကြည်ရေး-ကြည်ညွှန့်) စာတည်းမှူးချုပ်(ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်အား ရည်စူး၍ ဇနီးဒေါ်ခင်ခင်နုနှင့် သားသမီးတစ်စုတို့က ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်သို့ ပိဋကတ်သုံးပုံ(ပါဠိ၊မြန်မာ)ကို ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ(ပိဋကတ်နှစ်ပုံခွဲအောင်) ဆရာတော် ဦးပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မတ်၃၀ရက်က အခြေခံပညာအထက်တန်းအဆင့်ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာပြဆရာများမွမ်းမံ သင်တန်းဖွင့်ပွဲကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင် တက်ရောက်အဖွင့်အမှာစကား ပြောကြားစဉ်။

(ပြည်နယ် ပြန်/ဆက်)

နောင်ဘိုဓမ္မရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၁၀

ပဲခူးတိုင်း ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာ နောင်ဘိုဓမ္မရိပ်သာတွင် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်ခုနစ်ရက် တရားစခန်းဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၃ရက်(နှောင်းတန်ခူးလပြည့်ကျော် ၁၂ရက်) သင်္ကြန်အကြိုနေ့ ညနေ၄နာရီမှစ၍ တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ်(ကရင်၊မွန်)
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Happy and (Educational) English Summer Course MRTV
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၆း၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၆း၅၅ ၅။ မြန်မာစာ မြန်မာစကား
၁၇း၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇း၂၀ ၇။ ခါသင်္ကြန်အဆိုအကများ
၁၇း၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၂၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၃။ Discovery
၁၉း၁၅ ၁၄။ **"အား....နာတယ်"** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇော်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၉း၃၀ ၁၅။ ကြေးမုံရိပ်သွင် တေးနယ်ဉ
၁၉း၄၀ ၁၆။ ခါသင်္ကြန်အဆိုအကများ
၁၉း၅၀ ၁၇။ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်(၁၃၆၇ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ရက်၊ သင်္ကြန်အတက်နေ့)
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာရုပ်ရှင် **"မျက်နှာများတဲ့ကောင်းကင်"** (အပိုင်း-၁) (ဆေးရောင်စုံ ရုပ်ရှင်) အကယ်ဒမီ ရန်အောင်၊ လွှင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)]
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

သင့်သွေးဖြင့် အသက်ကယ်ပါ

အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်

နေပြည်တော် ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကြီးမှူးကျင်းပသော အခြေခံတိုင်းရင်းဆေးပညာသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက်က တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဓမ္မရိပ်သာတွင် ကျင်းပသည်။

ပြောကြား

တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထိန်ကျော်တို့က အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် သင်တန်း နည်းပြများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၀ကျော် တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည်။

(က-ပ)

စတုဘုမ္မိကတရားစခန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တကုမာရ(သာသနာ့ဇေ၊ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိကသာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က ဧပြီ ၁၄ရက်မှ ၂၀ ရက်အထိ တရားစခန်းဖွင့်မည် ဖြစ်ရာ ဝင်ရောက်အားထုတ်လိုသူများသည် ဒုလ္လဘရဟန်း၊ရှင်သာမဏေ၊ သီလရှင်ဝတ်၍သော် လည်းကောင်း ယောဂီဝတ်၍သော် လည်းကောင်း ဦးအေးသိန်း ဖုန်း-၅၈၀၁၄၂၊ ဦးတင်အောင် ဖုန်း-၅၅၂၂၅၁နှင့် ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉တို့သို့ ဧပြီ ၁၂ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

DAVIS CUP တင်းနစ်ပြိုင်ပွဲကျင်းပရေး ပေါင်းစပ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၁၀

၂၀၀၇ခုနှစ် မေ ၇ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ တင်းနစ်ကွင်း၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် DAVIS CUP BY BNP PARIBAS ASIA/ OCEANIA ZONE GROUP IV တင်းနစ်ပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ DAVIS CUP BY BNP PARIBAS ASIA/ OCEANIA ZONE GROUP IV တင်းနစ်ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးလေးနိုင်က ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာနယှဉ်ပြိုင်လေ့ကျင့်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က အကြံပြု ဆွေးနွေးတင်ပြကြကာ အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

၁၀နိုင်ငံ

အဆိုပါပြိုင်ပွဲတွင် ၁၀နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်အန္တရာယ်ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၁၀

တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ ညွှန်ကြားချက်အရ တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့်ပျားရည်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ်၃၁ရက်က အမက(၁၇) တာမွေကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဟောပြောကြသည်။ **(က-ပ)**

အဆီများက ဗီတာမင်စီ၏ အကျိုးသက်ရောက်မှုကိုဖျက်ဆီးပစ်

အစာအိမ်အတွင်း အဆီရှိမှုက ဗီတာမင်စီ၏ကင်ဆာတိုက်ဖျက်မှု၊ အကျိုးသက်ရောက်မှုများကို ပယ်ဖျက်ပစ်ကောင်းပစ်နိုင်မည်ဟု သုတေသနပြု တွေ့ရှိချက်အရ သိရသည်။

သရုပ်သကန်ဖန်တီး

ဂလပ်စဂိုတက္ကသိုလ်မှ သုတေသီများက ဓာတ်ခွဲခန်းအတွင်းတွင် လူသားအစာအိမ်အတွင်းမည်သို့ဖြစ်ပျက်နိုင်သည်ကို သရုပ်သကန်ဖန်တီးစူးစမ်းကြည့်မည်။ တံတွေးနှင့် အစာများ အစာအိမ်အက်စစ်နှင့် ရောပေါင်းလိုက်သည့်အခါ ထွက်လာသော ကင်ဆာဖြစ်စေနိုင်သည့် ဒြပ်ပေါင်းကို ဗီတာမင်စီ(အက်စကောဗစ်အက်စစ်)က ချေဖျက်သည်ကို တွေ့ရမည်။

ဖန်တီးနိုင်

သို့သော် တံတွေး၊အစာနှင့်အစာအိမ်အက်စစ်တို့ရောလိုက်သည့် ဒြပ်ပေါင်းသို့အဆီထပ်မံထည့်လိုက်သည့် အခါတွင်မူ ဗီတာမင်စီ(အက်စကောဗစ်အက်စစ်)သည် အန္တရာယ်ရှိသော ဒြပ်ပေါင်းကို အန္တရာယ်ကင်းအောင် မဖန်တီးနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် အစာအိမ်အချဉ်ပေါက်ရောဂါသည် အစားအစာနှင့်တိုက်ရိုက် ဆက်နွယ်နေကြောင်း ပြသနေသည်မှာ ထင်ရှားသည်ဆို၏။

(ကိုးကား-အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

တရုတ်နိုင်ငံ ဇီကျန်းပြည်နယ်တွင် တည်ဆောက်လျက်ရှိသော ဟန်ကျို့ပင်လယ်အော်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်-တောင်ကိုရီးယားဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်မည်

ဆိုးလ် ဧပြီ ၁၀

တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် မိတ်ဆွေဖက်အဖြစ် နီးနီးကပ်ကပ် ရေရှည်ဆက်ဆံသွားမည်ဟု ယုံကြည်ကြောင်း၊ ထိုသို့ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်သွားရန်လည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒတ်ဆိုက ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံသို့ ယခု ဧပြီ ၁၀ရက်မှ ၁၁ရက်အထိ လာရောက်မည့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်၏ အလည်အပတ် ခရီးသည် တရုတ်-တောင်ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးကို ကဏ္ဍသစ်တစ်ခုသို့ ရောက်ရှိစေမည်ဟု ယုံကြည်ကြောင်းလည်း ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံရာတွင် တောင်ကိုရီးယား ဝန်ကြီးချုပ် ဟန်ဒတ်ဆိုက ပြောကြားလိုက်သည်။

ပေါင်းဖော်ဖက်

တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ထူထောင်ထားကြသည်မှာ လွန်ခဲ့သည့် ၁၅ နှစ်ကတည်းက ဖြစ်သည်။ တရုတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ အဓိက ပေါင်းဖော်ဖက် မိတ်ဆွေနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ရရှိရေးအတွက် ပူးတွဲလေ့လာမှုများ ပြုလုပ်လျက်ရှိသည့် နိုင်ငံများလည်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်ဝန်ကြီးချုပ် ဂျပန်သို့ ရောက်ရှိ

တိုကျို ဧပြီ ၁၀

အီရတ်ဝန်ကြီးချုပ် မာလီကီသည် ခရီးရှည်ထွက်ပြီးနောက် ဂျပန်နိုင်ငံသို့ ဧပြီ ၈ ရက်က ရောက်ရှိလာသည်။ ထိုခရီးရှည်ထွက်ခွာစဉ် စီးနင်းလိုက်ပါသည့် လေယာဉ်ကို အီရန်နိုင်ငံ လေကြောင်းပိုင်နက်အတွင်း ဖြတ်သန်းခွင့် မရရှိခဲ့ပေ။

ဆိုက်ရောက်

ဒူဘိုင်းတွင် အစီအစဉ်မရှိဘဲ ဝင်ရောက်ခဲ့သည့်အပြင် ဗန်ကောက်၌ တစ်ထောက်နားပြီးမှ အီရတ်ဝန်ကြီးချုပ်၏ လေယာဉ်သည် တိုကျိုမြို့သို့ ဧပြီ ၈ ရက် ည ၁၁ နာရီခွဲက ဆိုက်ရောက်လာသည်။

ပြောကြား

မိမိတို့ လေယာဉ်သည် အီရန်လေကြောင်း ပိုင်နက်အတွင်းသို့ ဧပြီ ၇ ရက် ည ၈နာရီခွဲက ဝင်ရောက်အပြီးတွင်ပြန်လှည့်ရန် အီရန်လေကြောင်း အာဏာပိုင်များက အမိန့်ပေးကြောင်း ဝန်ကြီးချုပ် မာလီကီ၏ ဂျပန်နှင့် တောင်ကိုရီးယား ခရီးတွင် အတူ လိုက်ပါလာသူ အီရတ် ထိပ်တန်းအကြံပေး အရာရှိ ဆာဒီအယ်ရီကာဘီက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဝါယာရှော့ဖြစ်၍နယူးယောက်၌ မီးလောင် လူ ၅၃ ဦးဒဏ်ရာရရှိ

နယူးယောက် ဧပြီ ၁၀

နယူးယောက်မြို့၌ ၁၇ ထပ်တိုက် အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၁၄ဦး အပါအဝင် လူပေါင်း ၅၃ ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါမီးသတ်ဦးစီးဌာနက ဧပြီ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မီးလောင်မှုသည် ဧပြီ ၈ ရက်က ဒေသစံတော်ချိန် ည ၈ နာရီ ၄၃ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမီးမှာ ခုတင်အောက်ရှိ လျှပ်စစ်ဝါယာကြိုးရှော့ဖြစ်ရာမှ ခုတင်ကို မီးစွဲလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူများတွင် နှစ်ဦးမှာ အခြေအနေဆိုးရွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အင်အမ်န်အေ၊ဆင်ဟွာ

ထိုင်းနှစ်သစ်ကူး ရေသဘင်ပွဲတော် ဧပြီ၁၃မှ၁၇ရက်အထိကျင်းပမည် ပွဲတော်ကာလအတွင်း အရက်သောက်ပြီး ယာဉ်မောင်းခြင်းပိတ်ပင်

ဖြစ်မှုကျူးလွန်ပါက ထောင်ဒဏ်၊ ငွေဒဏ်ကျခံရမည်

ဗန်ကောက် ဧပြီ ၁၀

ထိုင်းနိုင်ငံ၏ ဆွန်ကရန် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးရေသဘင်ပွဲတော်အတွင်း အရက်သောက်သုံးပြီး မော်တော်ယာဉ် မောင်းနှင်မှုများကို ပိတ်ပင်သွားမည်ဖြစ်သလို အားပြင်းသောရေပိုက်များဖြင့် ရေပက်ခြင်းများကိုလည်း ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်ဟု ထိုင်းသတင်းဌာနမှ ဧပြီ ၁၆ ရက်၌ သတင်းထုတ်ပြန်ထားသည်။

ကူညီဆောင်ရွက်

ဧပြီ ၁၀ ရက်၌ တရားဝင်ဖွင့်လှစ်မည့် နှစ်သစ်ကူးရေသဘင်ပွဲတော်အတွင်း မော်တော်ယာဉ် မတော်တဆမှုများ မဖြစ်ပွားရန် ရဲတပ်ဖွဲ့ဌာနတစ်ခုထားရှိပြီး ကူညီဆောင်ရွက်ပေးသွားမည်ဟု ထိုင်းနိုင်ငံ လက်ထောက်ရဲချုပ် ဆန်ဆင်ကော့ ပြောကြားသည်။

ပြောကြား

ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဆွန်ကရန်နှစ်သစ်ကူး ရေသဘင်ပွဲတော်အတွင်း အရက်မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆ ဖြစ်ပွားမှုမှာ ၆၅ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံတစ်နိုင်ငံလုံးတွင် နှစ်သစ်ကူး ရေသဘင်ပွဲတော်ရက်အတွင်း အရက်သောက်သုံးပြီး မော်တော်ယာဉ် မောင်းနှင်ခြင်းမပြုရန် အမိန့်ထုတ်ပြန်မည် ဖြစ်သည်။

အကြံပြု

ထိုင်းနိုင်ငံ၏ ဆွန်ကရန် နှစ်သစ်ကူးရေသဘင်ပွဲတော်မှာ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်အထိ ဖြစ်သည်။ နှစ်သစ်ကူး ရေသဘင်ပွဲတော်အတွင်း လောင်စာဆီအရောင်းဆိုင်များနှင့် ကုန်ပဒေသာဆိုင်ကြီးများကလည်း အရက်သောက်လာသူများကို ရောင်းချခြင်းမပြုကြရန် အကြံပြုထားကြောင်းလည်း ၎င်းက ပြောကြားသည်။

ပိတ်ပင်သွားမည်

ထို့အပြင် ရေထွက်အားပြင်းသော မီးသတ်ပိုက်များကဲ့သို့သော ရေပိုက်ရောင်းချခြင်းကိုလည်း ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသော အမိန့်ဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပါက အမြင့်ဆုံးထောင်ဒဏ် ငါးနှစ် (သို့မဟုတ်) ဒဏ်ငွေအဖြစ် ထိုင်းဘတ်ငွေငါးသိန်း ပေးဆောင်ကြရမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကြီးဆုံး ဟော့ပေါ့အိုး

အကြီးဆုံး ဟော့ပေါ့အိုးနှင့် စားသုံးနေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် အမြင့် ၁၃ ပေ၊ အကျယ် ၃၉ ပေ ရှိသည့် ကြီးမားသော ဟော့ပေါ့အိုးကြီးဖြင့် ဒေသခံပြည်သူများက တပျော်တပါး ချက်ပြုတ်စားသုံးခဲ့ကြသည်။ ၎င်းဟော့ပေါ့အိုးကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဟော့ပေါ့အိုးတစ်ခု ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သစ်ပင်အမြစ်၌ထုလုပ်ထားသော မျောက်ရုပ်များ

ကြီးမားသော သစ်ပင်ကြီးတစ်ပင်၏ အမြစ်၌ ထုလုပ်ထားသော မျောက်ရုပ်လေးများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် တိုင်ကင်းမြို့တွင်ရှိသော အလွန်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်၏ အမြစ်ပိုင်း၌ မျောက်ပုံရုပ်တုလေးများ တစ်ထောင်ခန့်ကို ထုလုပ်ထားရာ သစ်ပင်အမြစ်၌ အရေအတွက်အများဆုံး ထုလုပ်ထားသည့် မျောက်ရုပ်တုလေးများ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အနှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၈၉၊ ၈လမ်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (၅၅/အေ) သုနန္ဒာ(၄)လမ်း သုမင်္ဂလာအိမ်ရာနေ ဦးခင်လှိုင်–ဒေါ်ခင်မြင့် (M.I.C ရော်ဘာစက်) မိသားစုမှ ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)၊ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ သီလရှင်လေးများဘိုးဘွားရိပ်သာ (ကန်တော်ကလေး)၊ မွတ်စလင်သက်ကြီးဂေဟာ၊ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ကျိုလီယာမွတ်စလင်သာသနာ့ရန်ပုံငွေအဖွဲ့ အဘွားများသုခရိပ်သာနေရာ (၁၀)ခုအား တစ်နေရာလျှင် ကျပ် ၁၀၀၈၀၀ ဖြင့် လှူဒါန်းရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)အတွက် လှူဒါန်းငွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုဆွေ လက်ခံရယူစဉ်။

(မြန်မာ့အလင်း)

အားနည်းချက် အားသာချက်များ ပွင့်ပွင့်လင်းလင်းတင်ပြ ရည်မှန်းချက်တာဝန်များ အောင်မြင်ရန်ကြိုးပမ်း ကုန်ထုတ်လုပ်မှုလျာထားချက်များ ကျော်လွန်အောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်းနှင့် ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ရည်မှန်းချက် တာဝန်ပေးအပ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၇ ရက်က နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကြိုးပမ်း

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းက အမှာစကား ပြောကြားရာတွင် ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိ ကူးပြောင်းမည်ဖြစ်သဖြင့် ယခင်နှစ်က အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း ဆက်လက်တင်ပြကြရန် လိုကြောင်း၊ သို့မှသာ ယခုနှစ် ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက် တာဝန်များပေးအပ်သည့်အခါ အောင်မြင်ရန်ကြိုးပမ်းသွားနိုင်မည်ဖြစ်ကြောင်း။

ပိုငွေများရရှိ

၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ရာတွင် ကုန်ထုတ်လုပ်မှု လျာထားချက် အနေဖြင့် ၁၀၈ ဒသမ ၄ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ကုန်သွယ်မှု အမြတ်မှာ ၈၅ ဒသမ ၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်ကျစရိတ် ဝင်ငွေအချိုး အနည်းငယ်များနေသဖြင့် ကုန်ကျစရိတ် ဝင်ငွေအချိုး လျော့နည်းအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ပိုငွေများရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း။

၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်မှုကို ငွေကျပ် ၂၄၄ ဘီလီယံ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်း စက်အရန်ပစ္စည်းများ၊ ဓာတ်ဆေး၊ ဆိုးဆေး လိုအပ်ချက်များကို နှစ်စကပင် ဝယ်ယူဖြည့်တင်း ဆောင်ရွက်ကြရန်နှင့် ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့စက်မှု လုပ်ငန်းများ၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်အပေါ် သုံးသပ်ချက်ကို စက်ရုံမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက တင်ပြကြသည်။

ချီးမြှင့်

မွန်းလွဲပိုင်းတွင် ၂၀၀၅–၂၀၀၆ ခုနှစ် အားကစားထူးချွန်စွာ ဆောင်ရွက်ခဲ့သော အားကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက အားကစားပြိုင်ပွဲများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော အားကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုဆုငွေများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်ချက်အပေါ် သုံးသပ်ချက်နှင့် စက်မှုကုန်ကြမ်းဌာန အသီးသီး၏ ကုန်ကြမ်းရရှိမှု၊ စက်မှုကုန်ကြမ်း စိုက်ပျိုးမှု အခြေအနေများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်

ယင်းနောက် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က စက်မှုလုပ်ငန်းဌာန အသီးသီးတို့မှ စက်ရုံမှူးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ကုန်ထုတ်လုပ်မှု စက်စွမ်းအားပြည့်လည်ပတ်မှု၊ ရောင်းချမှု၊ ကုန်ချောလက်ကျန် အခြေအနေတို့၏ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ် တင်ပြပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အမှာစကား

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက စက်ရုံမှူးများ၏ တင်ပြချက်များ၊ သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ခြုံငုံသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ၂၀၀၇–၂၀၀၈ခုနှစ် ရည်မှန်းချက်တာဝန်များကို ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ (၄)၊ အမှတ် (၈) ထုတ်ဝေ

ရန်ကုန် ဧပြီ ၁၀

ကံ့ကော်၊ ရင်ခတ်၊ ပိတောက် ပန်းရနံ့တို့ မွှေးပျံ့လျက်ရှိသော မိဿရာသီ တန်ခူးလ၏ အတာရေသဘင်ပွဲတော်နှင့်အတူ မင်္ဂလာနှစ်သစ်ကို ကြိုဆိုလျက် ကျေးလက်ပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာတို့ကို ဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊အမှတ်(၈)ကို ဧပြီ ၁၅ ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဓာတ်မြေဩဇာ လုံးဝမသုံးသော ဒို့ကျေးရွာ၊ မြေဆီလွှာ၏ မြေဩဇာ ထက်သန်စေခြင်း၊ သရက်သီး အနက်ပြောက်ရောဂါ ကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကြက်ဥကြက်မွေး မြန်မာ့ဆေး၊ ခွာနာလျှာနာရောဂါ သတိထားစရာ၊ ကျွဲမွေးမြူရေးနှင့် ကျွဲတို့၏ သဘာဝ၊ နွားတို့၏တန်ဖိုး စသည့် မွေးမြူရေးဆောင်းပါးများ၊ ကေရာဇ်ပင် ဆေးဖက်ဝင်၊ ဆေးဖက်ဝင် အစွမ်းထက် ထိကရုံး၊ ကလေးသူငယ်များ၏ မျက်စိကျန်းမာရေး၊ ဆေးဖက်ဝင် မြန်မာ့သနပ်ခါး၊ ဖလံတောင်ဝှေး၏ ဆေးအသုံး စသည့် ကျန်းမာရေးဆောင်းပါးများ၊ ကံဘဲ့စံပြကျေးရွာနှင့် အိမ်တွင်းမှုဝါးလုပ်ငန်း၊ မင်္ဂလာနှစ်သစ်ကို ကြိုကြစို့၊ ကျေးဇူးတင်မိပါသည်၊ နှစ်သစ် လူသစ် စိတ်သစ်၊ ပြန်လည်ပေးဆပ်သည့်အကြွေး၊ အသက်ရှည်ရာ အကြောင်းငါးပါး၊ အဖေ့သမီးများ၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသား စသည့် သုတ၊ ရသ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများ စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်–၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း ၃၇၁၃၄၀၊ ၃၇၁၃၄၂သို့ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၀

တစ်လလျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ (၄) အမှတ်(၉)ကို သတင်းမြင်ကွင်း အစုံအလင်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းဂျာနယ်တွင် လယ်ဝေးမြို့နယ် မင်းပြင်ရွာမှ နွားမွေးမြူရေးလုပ်ငန်းများ တာတရိတာ လင်းနို့များ၊ ရန်ကုန်တွင် ကောင်ရေ သန်းချီရှိနေ၊ လမ်းဘေး ပလက်ဖောင်းများ ခင်းရာတွင် ဘိလပ်မြေအစားထိုး မီးတောင်ချော်မှုန့် အသုံးပြုရန် လေ့လာ၊ မြန်မာနှစ်ဆန်း ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များ ရောင်းချပေးမည်။ မြန်မာ့ငါးများ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့မှု၊ ပခုက္ကူဈေးမီးလောင်မှုအတွက် မြန်မာ့အာမခံလုပ်ငန်းက အာမခံလျော်ကြေးငွေ အမ်းရန်ဆောင်ရွက်နေ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ကမ္ဘာ့ဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်နေ၊ မတ်ပဲနှင့် ပဲတီစိမ်းဈေးနှုန်းများ လေးနှစ်အတွင်း နှစ်ဆကျော်တိုးတက်ခဲ့ စသည့် ပြည်တွင်းသတင်း အစုံအလင်များအပြင် လူပ်လှုပ်ရှားရှားအနုပညာသတင်းများ၊ နိုင်ငံတကာ သတင်းပဒေသာ၊ ဖွဲ့မောင်(ဝဲလောင်)၏ ရှားပင်အကြောင်း သိကောင်းစရာ၊ ဘုန်းမြင့်ဆွေ၏ စားအုန်းဆီထုတ်လုပ်သည့် ဆီအုန်းပင်၊ မေသန္တာဝင်း၏ စိုက်တတ်လျှင် အကျိုးများ၊ မစိုက်တတ်လျှင် အပြစ်ဖြစ်သည့် ဂမုန်းပင်များ၊ အောင်ခန့်(ဒါးပိန်)၏ ရွေးချယ်ရမည့်လမ်း၊ ခင်မောင်လင်း၏ ကျေးလက်နှင့် မရှိမဖြစ် ဘိုင်အိုဒီဇယ်၊ ဖိုးထွေး(စိုက်ပျိုးရေး)၏ ရွေ့လျားပြောင်းလဲနေသော ရာသီဥတုအတွင်း စိုက်ပျိုးခြင်း၊ ဖိုးရွှေကြူး၏ A. Okay အသုံးအနှုန်းဘယ်ကစ စသည့် ဆောင်းပါးများစွာကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်သည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်း စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျိုက်ခတ်သုတ်တရားစခန်း

ရန်ကုန် ဧပြီ ၁၀

မော်လမြိုင် ကျိုက်ခတ်သုတ်ဘုရားတွင် နှစ်စဉ်ကျင်းပသော လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့၏ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက်ညမှစ၍ ၁၉ ရက် နံနက်အထိ (၁၈) ကြိမ်မြောက် ကျင်းပမည် ဖြစ်သည်။ ယောဂီများကြိုတင်စာရင်းသွင်းလိုပါက ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ခင်ကျော် (ငြိမ်း)၊ အတွင်းရေးမှူး ဒေါက်တာ သောင်းမြင့် ဖုန်း–၀၅၇–၂၂၈၉၉၊ ၀၅၇–၂၄၀၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အောင်လံဆရာတော် အရှင်စန္ဒိမာ(အောင်လံ) ကိုးရက် အဓိဋ္ဌာန်အထူးတရားစခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၁၀

အောင်လံမြို့ သဲအင်းဂူတိုက်ခွဲအမှတ် (၃၂)၊ ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော သောတာပတ္တိမဂ်ရှုဖွယ် ကျမ်းပြုဆရာတော် အရှင်စန္ဒိမာ(အောင်လံ)၏ ကိုးရက်အဓိဋ္ဌာန် ဝိပဿနာတရားစခန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာနရှေ့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးတွင် ဧပြီ ၂၈ ရက်မှ မေ ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဧပြီ ၂၇ရက် ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများကိုလည်း လှူဒါန်းလိုသူများ ဖုန်း–၀၉–၉၉–၇၀၅၂၄ နှင့် ၀၁–၅၇၂၉၇၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သင်္ကြန်ရက်အတွင်း လော်ကားဥယျာဉ် ပိတ်ထားမည်

ရန်ကုန် ဧပြီ ၁၀

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ သင်္ကြန်ရက်အတွင်း ယာယီပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ ယခင်အတိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ်ပုံမှန် ပြန်လည်ဖွင့်လှစ်ထားမည် ဖြစ်ကြောင်းနှင့် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် ဧပြီ ၃၀ရက် (ကဆုန်လပြည့်နေ့)နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဧပြီ ၁၀

မြောင်းမြမြို့နယ်တွင် နှစ်စဉ်ကျင်းပသော မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့ရောက် မြောင်းမြမြို့နယ်သူ၊ မြို့နယ်သားများအား ယခင်နှစ်များကကဲ့သို့ ပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လှူဒါန်းရန် အသင်းမှ စီစဉ်ထားသည်။ မြောင်းမြမြို့သို့ သွားရောက်ရေးကို မိမိတို့အစီအစဉ်ဖြင့် သွားရောက်ရန်နှင့် ပဒေသာပင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) ဖုန်း–၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း– ၀၉–၅၁၂၃၇၂၃၊ ၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း–၀၉–၉၉–၇၂၅၇၃၊ ၀၁–၂၂၅၃၇၅၊ ဒုတိယဗိုလ်မှူးကြီး သက်စိုး(ငြိမ်း) ဖုန်း– ၇၀၇၅၁၄၊ အတွင်းရေးမှူးများအဖွဲ့ ဖုန်း– ၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၂၅၁၃၂၃ နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း–၅၂၆၁၆၈ တို့သို့ ဧပြီ ၁၀ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ စာရင်းနှင့် အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **အာဆင်နယ်တိုက်စစ်မှူး အွန်နရီအား အာဆင်နယ်က ရောင်းချလိမ့်မည်ဆိုသော သတင်းများ ထွက်ပေါ်လာခြင်းကို နည်းပြအာစင်ဝင်းဂါးက ငြင်းဆိုလိုက်သည်။**

* စပိန်လာလီဂါပွဲစဉ်များကို ဧပြီ ၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားစဉ် ရီးရဲမက်ဒရစ်အသင်းသည် အိုဆာဆူနာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ၅၆မှတ်ဖြင့် ဦးဆောင်နေသော ဘာစီလိုနာအသင်းနောက်မှ နှစ်မှတ်အကွာဖြင့် အနီးကပ် လိုက်ပါလာပြီဖြစ်သည်။

* **ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များကို ဧပြီ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဝါဒါဘရီမင်အသင်းက နူရင်ဘတ်အသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ၅၆မှတ်ဖြင့် ဦးဆောင်နေသော ရှော်လ်ကေးနောက်မှ နှစ်မှတ်အကွာဖြင့် လိုက်လာသည်။**

* ယခုနှစ် စပိန်လာလီဂါတွင် ဘာစီလိုနာအသင်း၏ သုံးနှစ်ဆက်တိုက် ဖလားရယူရန် ကြိုးပမ်းမှုကို ချေဖျက်နိုင်လိမ့်မည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရော်ဘင်ဟိုက ပြောကြားလိုက်သည်။

* **အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘစ်ဝဲလ်ပတ်၌ ကျင်းပသော ဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် အသက် ၁၀၂နှစ်ရှိ အမျိုးသမီး ဂေါက်သီးကစားသမားဖြစ်သည့် အယ်လ်စီမက်ကလင်းသည် ကိုက်၁၀၀မှကျင်းကို တစ်ချက်တည်းနှင့်ဝင်အောင် ရိုက်နိုင်ခဲ့ကြောင်းသိရသည်။**

* ကမ္ဘာ့ရေကူးချွေတံဆိပ်ချန်ပီယံ ရှစ်ဆုပိုင်ရှင် မိုက်ကယ်ဖေးလ်ကလာမည့်နှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် ပေကျင်းအိုလံပစ်၌ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်မည်ဟု အခိုင်အမာယုံကြည် နေကြောင်း ပြောကြားလိုက်သည်။

* **အမေရိကန်နိုင်ငံ အော်ဂတ်စတာမြို့တွင် ကျင်းပသည့် မာစတာ ၂၀၀၇ ဂေါက်ရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်ရိုက်သမား ဇက်ဂျွန်ဆင်က နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အနိုင်ရဗိုလ်စွဲသွားသည်။**

* ကာဒစ်မြို့၌ ဧပြီ ၇ရက်က ကျင်းပသည့် ဓနသဟာယ လိုက်ဖ်မစ်ဒယ်ဝိတ်ချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲတွင် ဝေလ်လက်ဝှေ့သမား ဘရက်လေပရီစီက ဂါနာလက်ဝှေ့သမား သောမတ်စ်အာဝင်ဘိုနီအား အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၁၀

အင်္ဂလိပ် ပရီမီယာလိဂ်တွင် ဩစတြေးလျမှ လာရောက်ကစားနေသည့် နာမည်ကျော် ဘောလုံးသမားတိုက်စစ်မှူးများအနက် မက်ဗီဒူကာလည်း အပါအဝင်ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား

မစ်ဒယ်ဘရော့ တိုက်စစ်မှူးဗီဒူကာ၏ ခြေစွမ်း

ပါဝင်

ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းမှု၊ အဝင်အထွက်ရဲမှုနှင့် ဂိုးသွင်းခြေမှန်မှုများကား ဗီဒူကာ၏ စွမ်းရည်များပင်ဖြစ်ရာ ပရီမီယာလိဂ်ဂိုးသွင်းအများဆုံး တိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်နေသည်။

မွေးဖွား

တိုက်စစ်မှူး ဗီဒူကာကို ၁၉၇၅ခုနှစ် အောက်တိုဘာ ၉ရက်၌ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ မွေးဖွားခဲ့ရာ ယခုအခါ အသက်(၃၁)နှစ်အရွယ်ရှိပြီးသော်လည်း ခြေသွင်းကောင်းဆဲ၊ ကစားအား ကောင်းဆဲပင် ဖြစ်သည်။

ဗီဒူကာသည် အင်အားပြည့် ထိုးဖောက်ကစားတတ်သော တိုက်စစ်မှူးတစ်ဦးဖြစ်ရာ အသက်(၁၈)နှစ်အရွယ်၌ပင် ဩစတြေးလျဘောလုံးအသင်းတိုက်စစ်မှူးဖြစ်လာခဲ့သည်။ တစ်ဖက်အသင်းနောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်သော တိုက်စစ်မှူးတစ်ဦးဖြစ်သဖြင့် ဆဲလ်တစ်ကလပ်က ၁၉၉၈ ခုနှစ် နိုဝင်ဘာ၌ စာချုပ်ချုပ်ဆို ခေါ်ယူခဲ့သည်။

ဆုရ

ဆဲလ်တစ်ကလပ်သို့ ရောက်ရှိလာသော ဗီဒူကာသည် ၁၉၉၉-၂၀၀၀ ဘောလုံးရာသီခွင်တွင် ဆဲလ်တစ်အတွက် ၂၇ဂိုး သွင်းယူပေးနိုင်ခဲ့သလို ထိုနှစ်အတွက် စကော့တလန်ပရီမီယာလိဂ်၌ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိခဲ့သည်။

ထိုသို့ အောင်မြင်မှုရရှိခဲ့သဖြင့် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီတွင် အင်္ဂလိပ်ပရီမီယာလိဂ်ကလပ် လိဒ်ယူနိုက်တက်က ပြောင်းရွှေ့ကြေး ပေါင်ငွေ ခြောက်သန်းဖြင့် ခေါ်ယူခဲ့သည်။ ထိုနှစ်တွင်ပင် သမ္မဒ္ဒရာပိုင်းဇုန်ဆိုင်ရာ အကောင်းဆုံးဘောလုံးသမားဆုကိုလည်း ရရှိခဲ့ပြန်သည်။

ထိုနှစ်တွင် လိဒ်ယူနိုက်တက်အတွက် ပရီမီယာလိဂ်ပွဲပေါင်း ၂၂ပွဲကစားခဲ့ပြီး ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့သလို အက်ဖ်အေဖလားတွင် တစ်ဂိုး၊ ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် သုံးဂိုးသွင်းယူပေးခဲ့ရာ စုစုပေါင်း ၁၆ဂိုး သွင်းပေးနိုင်ခဲ့သည်။

ပရီမီယာလိဂ်သို့ ရောက်စနှစ်မှာပင် ၁၆ဂိုးသွင်းယူပေးနိုင်ခဲ့သော ဗီဒူကာသည် ၂၀၀၂-၂၀၀၃ဘောလုံးရာသီတွင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ရာ လိဒ်ယူနိုက်တက်အတွက် အင်္ဂလိပ်ပရီမီယာလိဂ်ပွဲပေါင်း ၂၉ပွဲကစားကာ ဂိုးပေါင်း ၂၀အထိ သွင်းယူပေးနိုင်ခဲ့ပြန်သည်။ ထိုနှစ်က ပရီမီယာလိဂ်၌ ဂိုးအများဆုံးသွင်းနိုင်သူများတွင် ဗီဒူကာပါဝင်ခဲ့လေသည်။

တိုက်စစ်မှူး ဗီဒူကာ

ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီ၌ မစ်ဒယ်ဘရော့အသင်းအတွက် ဂိုးအများဆုံး သွင်းပေးထားသည့် တိုက်စစ်မှူး ဗီဒူကာ။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ

၂၀၀၃-၂၀၀၄ဘောလုံးရာသီတွင်မူ ဗီဒူကာတစ်ယောက် ကြံ့ခိုင်မှုမပြည့်ဝသည့်အပြင် ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့သဖြင့် လိဒ်ယူနိုက်တက်အတွက် ၂၉ပွဲကစား ၁၃ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။ ထို့အတူ မိခင် ဩစတြေးလျ အသင်းအတွက် နိုင်ငံတကာ ချစ်ကြည်ရေးပွဲ နှစ်ပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဗီဒူကာ၏ ဂိုးသွင်းစွမ်းရည်နှင့် ထိုးဖောက်ကစားနိုင်မှုများကို ကြိုက်နှစ်သက်ခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် မစ်ဒယ်ဘရော့အသင်းက စာချုပ်ချုပ်ဆို ခေါ်ယူခဲ့သဖြင့် ဗီဒူကာတစ်ယောက် မစ်ဒယ်ဘရော့သို့ ရောက်ရှိခဲ့ပြန်သည်။

မကစားနိုင်

မစ်ဒယ်ဘရော့သို့ ရောက်ရှိခဲ့ချိန်တွင် ဗီဒူကာ ခြေထောက်ဒဏ်ရာရရှိမှုများကြောင့် ပွဲတိုင်းမကစားနိုင်ဘဲရှိရာ ထိုနှစ်က မစ်ဒယ်ဘရော့အတွက် ပရီမီယာလိဂ်ပွဲပေါင်း ၁၅ပွဲ ကစားပေးနိုင်ခဲ့ပြီး ငါးဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင်လည်း မစ်ဒယ်ဘရော့အတွက် သုံးပွဲကစားပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

သွင်းယူ

၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင် ဗီဒူကာသည် မစ်ဒယ်ဘရော့အတွက် ၁၉ပွဲ ကစားပေးပြီး ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့သလို အက်ဖ်အေဖလား၌ နှစ်ဂိုး၊ ကားလင်းဖလားပွဲ၌ တစ်ဂိုး၊ ယူအီးအက်ဖ်အေပွဲ၌ ခြောက်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် စုစုပေါင်း ၃၂ပွဲ ကစား၊ ၁၇ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် မစ်ဒယ်ဘရော့အတွက် ပရီမီယာလိဂ်၌ ၁၈ပွဲ ကစားပေးထားပြီး ကိုးဂိုး သွင်းယူပေးထားသည်။ အက်ဖ်အေဖလားပွဲ၌ ခြောက်ပွဲကစားပြီး ငါးဂိုး သွင်းယူပေးထားရာ ဗီဒူကာ၏ အသက်(၃၁)နှစ်ရှိသော်လည်း ဂိုးသွင်းခြေစွမ်းကား ထက်မြက်နေဆဲ၊ နပျိုတက်ကြွကာ ကစားအား ကောင်းနေဆဲ ဖြစ်ပါကြောင်း။ **(ကိုးကား-အင်တာနက်)**

စီရိုနယ်ဒိုသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ် မန်ယူကစားဖော် ရွှန်နေ ချီးကျူးပြောဆို

လန်ဒန် ဧပြီ ၁၀

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် ကမ္ဘာတွင် အကောင်းဆုံးဘောလုံးသမားဖြစ်လာပြီဖြစ်ကြောင်း ကစားဖော် ရွှန်နေက ချီးမွမ်းပြောဆိုလိုက်သည်။

အနီကတ်

ယင်းတို့နှစ်ဦးသည် ပြီးခဲ့သည့် ၂၀၀၆ကမ္ဘာ့ဖလားတွင် အချင်းများခဲ့ကြသည်။ ထိုစဉ်က အင်္ဂလန်အသင်း နှင့် ပေါ်တူဂီအသင်းတို့ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲ ကစားခဲ့ရာတွင် အင်္ဂလန်တိုက်စစ်မှူး ရွှန်နေ အနီကတ်ဖြင့် ထွက်သွားခဲ့ရသည်။ ထိုသို့ ရွှန်နေ ထွက်သွားအောင်လည်း စီရိုနယ်ဒိုက လုပ်ဆောင်ခဲ့သည်ဟု မီဒီယာများက ဝေဖန်ကြသည်။

ကမ္ဘာ့ဖလားပြီးသွားပြီးနောက် ပရီမီယာလိဂ်ပွဲများ ပြန်စချိန်တွင် စီရိုနယ်ဒို အိုးထရက်ဖို့ဒ်သို့ ပြန်လာချိန်၌ မန်ယူပရိသတ်များက စီရိုနယ်ဒိုအား လှောင်ပြောင်ခဲ့ကြသည်။ သို့သော်လည်း စီရိုနယ်ဒိုသည် အိုးထရက်ဖို့ဒ်၌ ယခုနှစ်ဘောလုံးရာသီတွင် ရွှန်နေနှင့် အင်္ဂလန်ပရိသတ်များအကြား ပြန်လည်သင့်မြတ်အောင်ကြိုးစားရာမှ ယခုအခါ ပရီမီယာလိဂ်တွင်သာမက ကမ္ဘာ့ကလပ်များအကြား အကောင်းဆုံး ဘောလုံးသမားအဖြစ် ရှုမြင်လာကြသည်။

ဆက်သွယ်ခဲ့

ထို့ကြောင့်လည်း စီရိုနယ်ဒိုအား စပိန်နာမည်ကြီးကလပ်များဖြစ်ကြသည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့က ခေါ်ယူရန် ဆက်သွယ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ချီးကျူး

စီရိုနယ်ဒိုအား ကစားဖော် ရွှန်နေက ဤသို့ ဂုဏ်ပြု ချီးကျူးခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အဲဗာတန်မှ ဂျိမ်းစ်ဗောက်ဟမ်း(ယာ)က ဘော်လ်တန်ဘက်သို့ ဤသို့ ချေပဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၃၃) ပွဲစဉ်များယှဉ်ပြိုင် မန်ယူနှင့်ကစားမည့်ဝက်ဖို့ဒ် ပို့စ်မောက်ကိုနိုင်

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ် ပွဲစဉ်(၃၃)ပြိုင်ပွဲများကို ဧပြီ ၉ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဝက်ဖို့ဒ်အသင်းသည် အိမ်ကွင်း၌ ပို့စ်မောက် အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ဝက်ဖို့ဒ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် မန်ယူနှင့် အက်ဖ်အေပွဲ ကစားရန် မျက်နှာပန်းလှသွားသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ဧပြီ ၇ ရက်က ပို့စ်မောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မန်ယူရှုံးနိမ့်ခဲ့သည့် ပို့စ်မောက်ကို ဝက်ဖို့ဒ်တို့ လေးဂိုး-နှစ်ဂိုး သွင်းယူကစားပြနိုင်ခဲ့၍ မန်ယူကို စိန်ခေါ်ရန် ဝက်ဖို့ဒ်တို့အားသာချက်ရှိလာသည်။ သို့သော်လည်း ဝက်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အောက်ဆုံး၌ ရှိနေဆဲဖြစ်သည်။

အာဆင်နယ် သရေ

ဧပြီ၇ရက်က ဝက်စ်ဟမ်းကို ရှုံးထားသော အာဆင်နယ်အသင်းသည် ဧပြီ၉ရက်ပွဲစဉ်တွင်လည်း နယူးကာဆယ်အသင်းကို ဂိုးမရှိသရေပွဲ ကြုံခဲ့သည်။

စုစည်းတင်ပြသူ မြင့်မောင်စိုး

အာဆင်နယ်တို့ အနိုင်ဂိုးသွင်းနိုင်ရေး နယူးကာဆယ်နောက်တန်းကို ထိုးဖောက်ရန် ကြိုးစားသော်လည်း အောင်မြင်မှုမရဘဲ ဂိုးပေါက် ပျောက်ခဲ့ရသည်။

ပဉ္စမနေရာ

အက်စ်တွန်ဗီလာအသင်းသည် ဝီဂန်အသင်းကို အိမ်ကွင်း၌ တစ်ဂိုးစီ သရေကစားခဲ့သလို ဘော်လ်တန်အသင်းသည်လည်း အိမ်ကွင်း၌ အဲဗာတန်အသင်းကို တစ်ဂိုး-တစ်ဂိုး သရေကစားခဲ့သည်။ ယင်းပွဲသရေဖြစ်သွားခဲ့၍ ဘော်လ်တန်တို့ ယူအီးအက်ဖ်အေနေရာအတွက် အဟန့်အတားဖြစ်ခဲ့ရသည်။ ဘော်လ်တန်အသင်းသည် ယင်းပွဲအပြီး အမှတ်ပေးဇယားတွင် ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိသည်။ အကယ်၍ ဘော်လ်တန်တို့ ယင်းပွဲအနိုင်ရခဲ့လျှင် အာဆင်နယ်၏ စတုတ္ထနေရာကို ဘော်လ်တန် တက်ရောက်လာမည်ဖြစ်သည်။

ရပ်တည်

ထိုနေ့က မန်စီးတီးအသင်းသည် ဖူလ်ဟမ်၏အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲအပြီး မန်စီးတီးတို့ နံပါတ် ၁၂ နေရာ၌ ရပ်တည်လျက်ရှိသည်။**(အင်တာနက်)**

11-4 (12) 1 4/11/07, 1:13 PM

Sky Lion Trading Co., Ltd.

BannerStore Super Market အတွက် **Supplier** များခေါ်ယူခြင်း

Sky Lion Trading Co., Ltd. မှ မကြာခင် ဖွင့်လှစ်မည့် **BannerStore Super Market** သည် သမားရိုးကျမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ထူးခြားသော **Super Market** ဖြစ်ပါသည်။ ဝယ်ယူသူများအတွက် စိတ်ဝင်စားဖွယ် ထူးခြားသော အစီအစဉ်များရှိပါသည်။ နိုင်ငံတကာရှိ အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုးစုံကိုလည်း တင်သွင်းရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအတွက် လိုအပ်ချက်များ အားလုံးကို တစ်နေရာတည်းတွင် ချိုသာသော ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါသည်။ လာရောက်ဝယ်ယူသော စားသုံးသူများအတွက် ဝယ်ယူသုံးစွဲလေလေ ဈေးနှုန်းပိုမိုသက်သာစေမည့် အခွင့်အလမ်းများရှိပါသည်။ **Sky Lion Trading Co., Ltd.** ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များအတွက် မိတ်ဆွေများပိုမိုရရှိပြီး မိမိ၏ကွန်ရက်ကို ကြီးမားအောင် အထောက်အကူပြုမည့် အခွင့်အလမ်းကောင်းများရှိပါသည်။

အဆိုပါ **Super Market** တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချလိုပါ၍ တင်သွင်းရောင်းချမည့် ကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	စားသောက်ကုန်ပစ္စည်းများ	၂။	လူသုံးကုန်ပစ္စည်းများ
၃။	မီးဖိုချောင်သုံးပစ္စည်းများ	၄။	အိမ်သုံးပစ္စည်းများ
၅။	အလှကုန်ပစ္စည်းများ	၆။	ကလေးအသုံးအဆောင်ပစ္စည်းများ
၇။	စာရေးကိရိယာမျိုးစုံ	၈။	လျှပ်စစ်ပစ္စည်းများ
၉။	ဖန်စီပစ္စည်းများ	၁၀။	အားကစားပစ္စည်းများ
၁၁။	ကျန်းမာရေးဓာတ်စာ	၁၂။	ဓာတ်ပုံဆိုင်
၁၃။	မိတ္တူဆိုင်	၁၄။	ရွှေဆိုင်

ဆက်သွယ်ရန် ⟶ ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-အေ)၊ ၄-အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၅၉၇၂၁၊ ၅၅၉၇၂၂၊ ၅၅၉၇၂၃၊ ၅၅၉၇၂၄၊ ၅၅၉၇၂၅၊ ဖက်စ်- လိုင်းခွဲ (၆၁၄)

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ **ဦးခင်မောင်ထွန်း** အား ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)၊ ရက်တွင် **New Age International University, Seborga, Italy** က ချီးမြှင့်ပေးအပ်သော **Honorary Degree of DOCTOR OF PHILOSOPHY in the field of Herbal Medicine** ဘွဲ့နှင့် **GOLD MEDAL in the field of Holistic Health** ရွှေတံဆိပ်ဆုကို အိန္ဒိယနိုင်ငံ **Kolkata** မြို့ **Taj Bengal Hotel** ၌ ကျင်းပသော **International Conference and Covocation Ceremony** တွင် တက်ရောက်လက်ခံရယူခဲ့ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကျန်းမာသက်ရှည်စွာဖြင့် တိုင်းရင်းဆေးပညာ၏ အကျိုးကို ဆတက်ထမ်းပိုး (တိုး၍) တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဝင်းခိုင်၊ ဦးကိုကိုကြီး၊ ဦးသန်းဝင်း၊ ဦးတင်ထွန်းအောင်၊ ဦးလှဝင်း၊ ဦးဇော်မင်း၊ ဦးဌေးအောင်
မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း (အလုပ်အမှုဆောင်အဖွဲ့)

ဧပြီ ၈ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ကြီးမှူး၍ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အမျိုးသား သွေးလှူဌာန၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

ပဲခူးတိုင်း ကျောက်ကြီးနှင့် ထန်းတပင်မြို့နယ်တို့တွင် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၀

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက် နံနက်၁၀နာရီခန့်က ကျောက်ကြီးမြို့နယ်ဘုရားကြီးကျေးရွာမှ ဦးသန်းမြင့်၏သား အောင်အောင် အသက်(၂၅)နှစ်သည် အဖော်သုံးဦးနှင့်အတူ ဆူးပုပ်ရွက်ခူးရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး အောင်အောင်၏ ဘယ်ဘက်ခြေထောက် ခြေသလုံးအရိုးကြေဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ ဧပြီ ၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ထန်းတပင်မြို့နယ် သပြေညွန့်ကျေးရွာမှ ဦးလှထွန်း၏သား ဦးအောင်သန်း အသက်(၄၅)နှစ်သည် အဖော်များနှင့်အတူ ငါးဖမ်းရန် နေအိမ်မှ ထွက်လာစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးအောင်သန်း၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

သတင်းဖော်ထုတ်

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် မောင်အောင်အောင်အား သက်ဆိုင်ရာ တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ဦးအောင်သန်းအား တောင်ငူ ပြည်သူ့ဆေးရုံသို့လည်းကောင်း ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထွေထွေရောဂါကု ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့်တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က (၉)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံနှင့် စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးသင်တန်းများအတွက် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၁၀

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံးမီးလောင်ဆုံးရှုံးပြီး လူ၂၈ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကျင်းပရေးစည်းဝေး

ရန်ကုန် ဧပြီ ၁၀

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် ၂၀၀၇ ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၀၇ ခုနှစ် ရခိုင်ရိုးရာသင်္ကြန် ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ကားမောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆိုင်ဖွင့်လှစ်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူ လှုပ်ဖြူများ၊ ပါဝင်လိုသောကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ငွေ၊ ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် ဦးသန်းနိုင် ဖုန်း-၀၉-၉၉-၂၄၃၆၃၊ ဦးရွှေသိန်းကျော် ဖုန်း-၀၉- ၅၀-၀၂၇၉၅၊ ဒေါ်စောခင်တင့် ဖုန်း-၀၉-၅၁-၆၄၉၂၈ နှင့် ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁- ၄၀၄၀၇ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လှိုင်သာယာမြို့နယ် စက်မှုမြို့ ဇုန်(၂)ရှိ အမှတ်(၁)ဈေး မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းတင်နှင့် ဈေးသာယာရေးကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်စစ်ဆေးပြီး **(ဝဲပုံ)** မြို့နယ်အတွင်းရှိ စည်ပင်သာယာ ဈေးတာဝန်ခံများ၊ ဈေးမိ ဈေးဖများ အား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ပုံ သရုပ်ပြခြင်းကို ပိတောက်မြိုင်ဈေးတွင် ပြုလုပ်ကြောင်း သိရသည်။ **(က-ပ)**

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ပွဲကျင်းပ

မုံရွာ ဧပြီ ၃

မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ကျင်းပသည့် စာဖတ်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၂နာရီက မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အနာဂတ်ခရီး ခေါင်းစဉ်များဖြင့် စာတမ်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးညွှန့်လှိုင်ချစ်(ညွှန့်လှိုင်ချစ်-ဘုတလင်)က လည်းကောင်း၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းကလည်းကောင်း၊ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် တိုင်းရင်းသားရေးရာ အဖွဲ့ခေါင်းဆောင် ဒေါ်မြမြငွေကလည်းကောင်း ကဏ္ဍအလိုက် အသီးသီး ဖတ်ကြားကြသည်။

တိုးတက်မှု

ဆက်လက်ပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိ ဒေါ်သောင်းသောင်းဝင်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အနာဂတ်ခရီးခေါင်းစဉ် စာတမ်းများ ဖတ်ကြားမှုအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

နွားထိုးကြီးမြို့နယ်ကျေးလက်စာကြည့်တိုက် လွှဲပြောင်းပေးအပ်

နွားထိုးကြီး ဧပြီ ၁

နွားထိုးကြီးမြို့နယ် သင်းတီးကျေးရွာရှိ အမေ့ရွာစာပေဥယျာဉ် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ်၁၇ရက် နံနက်၈နာရီက ကျင်းပရာ **(အပေါ်ပုံ)** အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားပြီး သင်းတီးကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးကောသလ္လ၏ စာကြည့်တိုက်ငွေပဒေသာပင် မတည်ငွေကျပ်တစ်သောင်း၊ ကျေးရွာပြည်သူများ လှူဒါန်းငွေကျပ် ၂၆၅၀၀ နှင့် စာအုပ်စာစောင် ၂၁၉ အုပ်ကို ကျေးရွာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကြသည်။

ရေရှည်တည်တံ့ရေး

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့သည် သမင်ဘေးကျေးရွာ ဘဝအားမာန်စာကြည့်တိုက်၊ ဝက်လူးကျေးရွာ တက်နေလင်းစာကြည့်တိုက်၊ ပဲချက်အရှေ့ရွာ ဘဝမီးအိမ်စာကြည့်တိုက်၊ ထန်းခွမြောက်ရွာ အလင်းတံခါးစာကြည့်တိုက်၊ ထန်းခွတောင်ရွာ မိုးသောက်ပန်းစာကြည့်တိုက်၊ ထန်းဇင်ကျေးရွာ ရွှေဇင်ဦးစာကြည့်တိုက်၊ ဖလံကုန်းကျေးရွာ သန္တာရုံစာကြည့်တိုက်၊ ကြာပွားကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်နှင့် မန်ကျည်းကုန်းကျေးရွာ လူငယ့်အားမာန်စာကြည့်တိုက်များသို့ ကွင်းဆင်းကာ စာဖတ်ရှိန်မြင့်မားရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သရက်မြို့နယ် ရေမျက်တလပါး၊ ဘန်းကုန်း စံပြကျေးရွာများတွင် ကြက်ဆူပျိုးပင် ၆၀၀၀၀ ပြုစုပျိုးထောင်နေမှုကို မတ် ၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရပ်စောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဖွင့်ပွဲကို မတ် ၁၇ရက်က ရပ်စောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စိုးဝင်းနှင့် မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်စန်းလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းဒိုက်ဦးမြို့ စေတနာညကျောင်း ဆရာ၊ ဆရာမများ ဂုဏ်ပြုပွဲကျင်းပ

ဒိုက်ဦး မတ် ၁၅

ပဲခူးတိုင်း ဒိုက်ဦး မြို့နယ် စေတနာညကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပိတ်ပွဲနှင့် ဆရာ၊ ဆရာမများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က အလက ဒိုက်ဦးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတောရယ်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယရဲမှူး တင့်နိုင်က အောင်ချက် မြင့်မားရေး၊မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်က စေတနာညကျောင်း ဖွင့်လှစ်ရခြင်းနှင့် လက်ထောက် ပညာရေးမှူး ဦးတင်ဝင်းက ရသုံးငွေစာရင်းရှင်း တမ်းကို ဖတ်ကြားပြီး မြို့နယ် ဥက္ကဋ္ဌ ဦးတောရယ် **(အောက်ပုံ)** က ဆရာ၊ ဆရာမများအား ဂုဏ်ပြု ကတ်ပြားနှင့် လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး ရေဒီယိုကက်ဆက်၊ အလှူငွေနှင့် စာအုပ်များလှူဒါန်း

ကျွန်းစု မတ် ၂၈

တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ပရည်ကျွန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် မတ် ၁၂ရက် နံနက်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲနှင့် ရေဒီယိုကက်ဆက်၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးဝင်းက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မှ လှူဒါန်းသော ရေဒီယိုကက်ဆက်နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းသော စာကြည့်တိုက်ရန်ပုံငွေကျပ် ၈၀၀၀၀နှင့် စာအုပ်စာစောင် ၃၀၀ကျော် ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေး ပညာပေးသင်တန်း ကော့သောင်း၌ ဖွင့်

ကော့သောင်း ဧပြီ ၂

တနင်္သာရီတိုင်း ကော့သောင်းမြို့ မဏ္ဍုသကခန်းမတွင် မတ်၁၅ရက် နံနက် ၉နာရီက ဦးတည်အုပ်စုများအတွင်း အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်ရေး ကျန်းမာရေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲမှူး အောင်မြင့်ထွန်းနှင့် မြို့နယ်ရဲမှူးမြင့်စိုးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မူးယစ်ဆန့်ကျင်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင် ဦးသာထွန်း၊ ကော့သောင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဝင်းအောင်၊ ကော့သောင်းခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်သက်မော်တို့က အသီးသီး အမှာစကား ပြောကြားကြသည်။

ပို့ချ

ဆက်လက်၍ ဒေါက်တာမောင်မောင်လွင်၊ ဒေါက်တာအေးမြစံ၊ ဒေါက်တာရီရီမြင့်၊ ဒေါက်တာ တင်ငယ်စိုးနှင့် ဒေါက်တာဝင်းအောင်တို့က ကျန်းမာရေးနှင့် ပတ်သက်၍ ဆွေးနွေးပို့ချကြောင်း သိရသည်။ **(၃၈၉)**

ပတ်ဝန်းကျင်သန့်ရှင်းရေး

လောင်းလုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် ဒသမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၇ အတွက် ဆောင်ပုဒ်များ စိုက်ထူခြင်း အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အုံး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် စိုက်ထူပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သင်တန်းဆင်း

ညောင်လေးပင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၂၇ရက်က မြို့နယ်ပြည်သူ့ ဆေးရုံကြီး ခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အရန်သားဖွား ဆရာမအား သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မိဘနှစ်ပါးဖြစ်သော ဦးမြင့်သိန်း - ဒေါ်သန်းညွန့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သစ္စာလမ်း အမှတ်(၄)နေ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေနုတ်မြောင်းတူးဖော်မှု ခရိုင်ဥက္ကဋ္ဌ ကြပ်မတ်

တာချီလိတ် ဧပြီ ၇

တာချီလိတ်မြို့နယ်ရှိ နမ့်ယွန်းချောင်း၊ ဆန်ဆိုင်းချောင်း၊ ကချင်ရွာချောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် ခေတ်မီစက်ယန္တရားများဖြင့် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်သန်းနှင့် တာဝန်ရှိသူများက ဧပြီ၄ရက်တွင် ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ချောင်းများမှာ တဖြည်းဖြည်း တိမ်ကောလာသည့်အတွက် ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမိုးမှုတွေ့ကြုံခဲ့ရရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကူညီပံ့ပိုးမှု၊ ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေတို့ဖြင့် ငွေကျပ်သိန်း ၁၀၀ ကျော်အကုန်အကျခံပြီး ရေနုတ်မြောင်းများ တူးဖော်မှု ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေကြောင်း သိရသည်။ (၄၂၀)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဖခင် ဦးဘရင်ကိုရည်စူး၍ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရွှေအင်ကြင်းရိပ်မွန် တိုက်အမှတ်ဂျေ/၃နေ မိခင် ဒေါ်စန်းညွန့်၊ သမီး ဒေါ်ခင်မေနှင့် သားများဖြစ်သော မောင်ကျော်စိုးမိုး၊ မောင်အောင်စိုးမိုး၊ သမီးများဖြစ်သော မစိမ်းမြတ်သန္တာ၊ မစုမြတ်နန္ဒာမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် အရှင်ကုသလ(M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ဟောပြောပွဲကျင်းပ

မန္တလေး ဧပြီ ၄

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မန္တလေးသူနာပြုတက္ကသိုလ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၁၀နာရီက မန္တလေး သူနာပြုတက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာခင်မောင်ထွန်း၊ မန္တလေးသူနာပြုတက္ကသိုလ် ကျောင်းအုပ်ဆရာမကြီးနှင့် သူနာပြုဆရာမများ၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးသူနာပြုတက္ကသိုလ် ကျောင်းအုပ်ဆရာမကြီးပါမောက္ခချုပ်ဒေါက်တာခင်ညွန့်သန်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၇၃၄ စောင်ကိုပေးအပ်ရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျင်းပရာ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအေးအေးမာက ကြက်၊ ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ **(သတင်းစဉ်)**

သီပေါမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက် မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန် တိကျစွာလိုက်နာ

သီပေါ ဧပြီ ၂

လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများသည် မတ် ၂၄ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ မီးသတ်တပ်ဖွဲ့စခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့၊ မီးသတ်ယာဉ်များ၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးမှူးဦးကိုကိုဦးက မီးဘေးကြိုတင် ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ပိုက်အခြေအနေများနှင့် မီးသတ်ယာဉ်များ ကြံ့ခိုင်အောင် ဆောင်ရွက်ထားရှိမှုတို့ကို လက်တွေ့ရှင်းလင်းပြသသည်။**(ဝဲပုံ)**

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ မြို့နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးနှင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ မြို့မိမြို့ဖများ၏ တင်ပြချက်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၃၀၆)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပြလမ်းတံတားလုပ်ငန်းများကို မတ် ၁၂ ရက်က ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမောင်မောင်သွင်တို့က ရှင်းလင်းတင်ပြစဉ်။ (ဝ၈၅)

မြို့နယ် သတင်းများ

မိခင်ကြီး ဒေါ်အေး အသက် (၁၀၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ရန်ကုန်မြို့ အိုးဘိုရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ဦးစောထွေး[ရဲမှူး-ငြိမ်း]-ဒေါ်မြင့်မြင့်ဆွေမိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌဦးကျော်သန်းက လက်ခံယူစဉ်။ (၃၈၀)

ပြင်ဦးလွင်မြို့ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသ၊ ကျန်းမာရေး အသိပညာပေးဟောပြော

ပြင်ဦးလွင် မတ် ၃၁

မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်ခင်ခင်ကြူ ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပြင်ဦးလွင်မြို့ လူမှုဖူလုံရေးအဖွဲ့ရုံးမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်နွဲ့ဌေးအဖွဲ့နှင့်အတူ မတ် ၂၀ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၁) သံနှင့်သံမဏိစက်ရုံနှင့် အနီးပတ်ဝန်းကျင် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်အလုပ်သမားများနှင့် မိသားစုများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်
၁၂-၄-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၀၉:၃၅ ဟောပြောချက် (ရာမညသင်္ကြန်)
၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (မန္တလေးပြန်လက်ဆောင်)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ၂၀၀၇ ခုနှစ် သင့်အချစ် ခုနှစ်ရက်သားသမီးများအတွက် အချစ်ဗေဒင် ဟောချက်များ (မင်းကျော်ခေါင်)
(၂) ကျွန်တော့်ကိုယ်တွေ့ အရိုးကျီးပေါင်းရောဂါဆေးဝါးကုထုံးများ (ဆရာမြင့်-စကြာမင်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အသက်ရှည်ကျန်းမာရေးတွင် ကိုယ်လက်လှုပ်ရှားမှုအရေးပါပုံ-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့် အာဟာရ (သင်္ကြန်ကာလနဲ့ မြန်မာ့ရိုးရာစားစရာများ)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ပိတောက်လက်ဆောင် (အကော်ဒီယံအုန်းကျော်)
(၂) ပိတောက်ပန်းပေးတိုင်း ရင်ခုန်တယ် (တက္ကသိုလ်မစမ်းမွန်)
၁၈:၄၅ ဇာတ်လမ်းပမာနားဆင်စရာ (ရွှေပိတောက်တွေကြွေ)
၁၉:၃၅ ခေတ်မရွေးသော တေးများ
(၁) မမကိုယ်တိုင်က (တင်အောင်လေး)
(၂) ပိတောက်လက်ဆောင် (မေဆွိ)
(၃) မန်းတောင်ရိပ်ခို (ဇော်ဝမ်း)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ခရေပင်အောက်က ပိတောက်ချစ်သူ (ညွှန့်ညွှန့်စိန်)
(၂) သင်္ကြန်မလေး (ကေတုဝင်းထွဋ်)
(၃) ပိတောက်လမ်း (မဉ္ဇူသင်း)

မတ် ၂၇ရက်က ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဝတ္တကမြေအတွင်း၌ နှစ်ကျိပ်ရှစ်ဆူ အာရုံခံတန်ဆောင်း ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို နှစ်ဖက်သော မိဘများအမှူးထား၍ သာကေတမြို့နယ် ၉ ရပ်ကွက် ရောဝဏ်လမ်းနေ ဦးစန်းမောင်–ဒေါ်ရီရီမြင့် (စိန်ပန်းမြိုင်) စားသောက်ဆိုင်မိသားစုက ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (၂၅၈)

စုပေါင်းရှင်ပြုပွဲ ကျောက်ဖြူမြို့၌ ကျင်းပ

ကျောက်ဖြူ ဧပြီ ၃

စုပေါင်းရှင်ပြုပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၈နာရီက ကျောက်ဖြူမြို့ သာသနဟိတာရာမကျောင်းတိုက် သံဖြူကျောင်း၌ ကျင်းပသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ စစ်တွေမြို့ မဏိရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမ၊ ကျောက်ဖြူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒ၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝ၊ သံဖြူကျောင်းပဓာနနာယကဆရာတော် ဘဒ္ဒန္တဘဒ္ဒိယဘိဝံသအမှူးပြုသော ဆရာတော်များ၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်သန်းဦး၊ ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင် ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ပြုလုပ်ပေး

အခမ်းအနားတွင် စုပေါင်းရှင်ပြုပွဲ ဖြစ်မြောက်ရေး ဦးဆောင်ကျင်းပပေးသူ သာသနာပြု အရှင်နာဂသေနက ဦးဆောင်၍ ရခိုင်အမျိုးသား ၉၀၊ ချင်းအမျိုးသား ၄၀နှင့် ကမန် အမျိုးသား ငါးဦး၊ စုစုပေါင်း ၁၃၅ဦးအား ပဗ္ဗဇ္ဇ ဥပသမ္ပဒမင်္ဂလာ ပြုလုပ်ပေးခဲ့ပြီး တက်ရောက်လာကြသော ရဟန်း၊ လူပုဂ္ဂိုလ်များအား ဆွမ်းဘောဇဉ်များ ကျွေးမွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ် ကျိုက္ကမီမြို့ မန္တလေးကျောင်း အေးရိပ်သာ မဟာစည်သာသနာ့ရိပ်သာ ဆောက်လုပ်ဆဲ ဓမ္မာရုံအတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကုမ္မာရီ စတိုးဆိုင်ပိုင်ရှင် ဒေါ်လှခိုင် မိသားစုက အလှူငွေ ကျပ်ငါးသိန်းကို ဦးဝိသုတာစာရ(ဓမ္မာစရိယ) ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်စဉ်။ (က–ပ)

(၇၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ဦးမျိုးထက်(တေးသံရှင်) (လူမှုထူးချွန်ဒုတိယဆင့်) **(အပေါ်ပုံ)** သည် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် ဧပြီ ၆ ရက်က (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ပြည်မြို့မူလတန်းကြို ကျောင်းခန်းမ၌ ကျင်းပသော ဥဇာစွမ်းရည်ပြိုင်ပွဲတွင် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါ်သိန်းပိုင်က စိတ်ကူးယဉ် ပန်းချီပြိုင်ပွဲဆုရ မဆုဝေဝင်းအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင် သန့်ရှင်းရေး အရှိန်အဟုန်မြှင့် အလုပ်ရုံဆွေးနွေး

စစ်ကိုင်း ဧပြီ ၄

ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အရှိန်အဟုန်မြှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်က စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးရှိ သံဃာ့ဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်အုံးကျော်က အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အရှိန်အဟုန်မြှင့်အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးပြီး တာဝန်ရှိသူများက ဆုရရှိသည့် ကျေးရွာအုပ်စုများအား ဆုများချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

မြိတ်အကျဉ်းထောင်သို့ ရေသန့်စက်လှူဒါန်း

မြိတ် မတ် ၃၁

အကျဉ်းဦးစီးဌာန မြိတ်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများ အသုံးပြုရန်အတွက် UNITED K.M.Kကုမ္ပဏီ (မြိတ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ကျော်၊ ဇနီး ဒေါ်အေးအေး၊ သား မောင်ရဲကျော်ကျော်ဘိုနှင့် ကုမ္ပဏီဝန်ထမ်း မိသားစုများက လှူဒါန်းသော ငွေကျပ်၅၉သိန်း နှစ်သောင်းကျော် တန်ဖိုးရှိသည့် ရေသန့်စက်နှင့် အဆောက်အအုံ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၉ နာရီက မြိတ်အကျဉ်းထောင်ရှိ ရေသန့်စက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် UNITED K.M.K ကုမ္ပဏီ (မြိတ်) အထွေထွေမန်နေဂျာ ဦးထွန်းလင်းက ရေသန့်စက်နှင့် ပတ်သက်သည့် အချက်အလက် စာရွက် စာတမ်းများကို အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

စတင်အသုံးပြု

အဆိုပါရေသန့်စက်မှာ တစ်ရက်လျှင်ရေသန့်ဂါလန်၁၀၀၀ခန့်ထုတ်လုပ်ပေးနိုင်ပြီး မတ် ၁၃ရက်မှ စတင်၍ မြိတ်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများ စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် ရွာဝေ ကျေးရွာအုပ်စု ရွာဝေကျေးရွာနှင့် ကန်မောက်ကြီး ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်း မြေသားလမ်းဖောက်လုပ်နေ မှုကို မတ် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးမောင်နိုင်တို့ လမ်းဖောက်လုပ်မှုကို ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ဟသ်ာတ မတ် ၂၁

ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက် ဗျစ်အင်းချောင်းဖျားရပ်ရှိ ငွေကျပ် ၁၀ သိန်းကျော်တန် မြှင့်တင်ရေး စာကြည့်တိုက်အဆောက်အအုံသစ်နှင့် ငွေကျပ်သိန်း ၁၀၀ ကျော်တန် ရာသီမရွေးသွားလာနိုင်သည့် အကျယ် ၈ပေ၊ အလျားပေ ၁၁၁၀ ရှည်အုတ်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ ရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးစံဝင်း (လူမှုထူးချွန်တတိယဆင့်)–ဒေါ်ယဉ်ယဉ်သန်းမိသားစုတို့က ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကျော်တန် မြှင့်တင်ရေး စာကြည့်တိုက်

စာကြည့်တိုက်အဆောက်အအုံသစ်နှင့် လမ်းသစ်ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်၊ခရိုင်အသင်းအတွင်းရေးမှူး ဦးညွှန့်လှိုင်၊ အလှူရှင် ဦးစံဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ဆက်လက်၍ ဦးစံဝင်း (လူမှုထူးချွန်တတိယဆင့်) – ဒေါ်ယဉ်ယဉ်သန်း မိသားစုတို့က ငွေကျပ်သိန်း ၁၀၀ခန့် အကုန်အကျခံ၍လှူဒါန်းသော အုတ်ချောလမ်း သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ အလှူရှင် ဦးစံဝင်းတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင် ဦးစံဝင်း (လူမှုထူးချွန်တတိယဆင့်)မိသားစုက အလှူငွေကျပ် တစ်သိန်း၊ အိပ်ပျက်အင်းရေလုပ်သားအဖွဲ့၊ ဈေးတိုးအဖွဲ့တို့က ငွေကျပ် ငါးသောင်း၊ အလှူရှင် ၁၁ဦးက အလှူငွေကျပ် ၈သောင်း စုစုပေါင်း နှစ်သိန်းသုံးသောင်းနှင့် ခရိုင် ဦးစီးမှူးက စာအုပ် ၁၀၀၊ ကိသုတာရုံကျောင်း ဆရာတော်နှင့် အလှူရှင်များက စွယ်စုံကျမ်းအပါအဝင် စာအုပ် ၁၂၀၊ ခရိုင်ငါးလုပ်ငန်းက စာအုပ် ၁၆၂အုပ်နှင့် ရပ်ဝေးရပ်နီး အလှူရှင် ၁၀ဦးတို့က စာအုပ် ၃၇၈အုပ်တို့ကို လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်၊ ခရိုင် ဦးစီးအရာရှိ ဦးဘိုလှရီ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစံဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်လေးလမ်း ကတ္တရာလမ်းသစ် ဖွင့်

မြင်းမူ ဧပြီ ၃

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ် ၄၈၀၀၀၀၀ ဖြင့် အကုန်အကျခံ၍ မြစ်လေးလမ်း ကျောက်ချောလမ်းမှ ကတ္တရာလမ်းသစ်အဖြစ် ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ရက်က ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(၁၆၇)**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ စီမံကိန်းလုပ်ငန်းခွင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာ ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း) လျာထားမြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက စက်ရုံလျာထားဧရိယာအား လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ထားရှိရန်၊ မြေပိုင်ဆိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ စက်ရုံအဝင်လမ်းဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ထားရှိရန်တို့ကို တာဝန်ရှိသူတို့အား ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅

မိုးလေဝသအခြေအနေ ၁၁-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့အလင်း

ကမ္ဘာတစ်လွှားအားကစားနှင့် ဆောင်းပါးအညွှန်း

ပန်ဆုယူ တာရေသွန်းချိန်မို့

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ထေရဝါဒဗုဒ္ဓသာသနာ၏ အဆုံးအမဖြင့် ယဉ်ကျေးစွာ ကျင်းပကြသည်။ ရေပက်ကစားခြင်းတွင် ပိုတောက်ခက်နှင့် ငွေဖလားဖြင့် ခံ့ညားစွာ ရေကစားကြသည်။ သင်္ကြန်ကျသောရက်များတွင် မြန်မာတို့၏ စိတ်နှလုံးတွင် ကြည်နူးလန်းဆန်းလျက်ရှိကြပါသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာ - ၄)

စီရိုနယ်ဒိုသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ် ကစားဖော် ရွန်နေ ချီးကျူးပြောဆို

စီရိုနယ်ဒိုအား မန်ယူကစားဖော် ရွန်နေက ဤသို့ ဂုဏ်ပြုချီးကျူးခဲ့သည်။

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၂)

မဟာသင်္ကြန်ပွဲတော်ကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စောင့်ထိန်းလိုက်နာ ဆင်နွှဲကြမည်

နေပြည်တော် ဧပြီ ၁၀

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလသည် ခရစ်နှစ် ၂၀၀၇ ခုနှစ် ဧပြီလ ၁၃ ရက် မှ ၁၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက် နေ့မှ ကဆုန်လဆန်း ၁ ရက်)အထိ ကျရောက်မည်ဖြစ်သည်။

မြန်မာတို့သည် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ကျော်ခန့်ကပင် ကုသိုလ်ကောင်းမှုများပွားများခြင်း၊ ဂါရဝတရားထားရှိခြင်း၊ အေးချမ်းပျော်ရွှင်ခြင်း၊ ချစ်ကြည်ရိုင်းပင်းခြင်း၊ သည်းခံခွင့်လွှတ်ခြင်းစသည့် အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ယဉ်ကျေးမှု အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

နှစ်သစ်ကူးရုံးပိတ်ရက်

နှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူအပန်းဖြေနိုင်စေရန် နိုင်ငံတော်က ယခုနှစ်မှစပြီး နှစ်စဉ်သင်္ကြန်အကြိုနေ့ မတိုင်မီ ၁ ရက်မှ ၁၀ ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။

ယခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကိုလည်း ယခင်နှစ်များနည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အေးချမ်းပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ကျင်းပဆင်နွှဲရာတွင် အများပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် တာဝန်ရှိအဖွဲ့အစည်းများက အစီအမံများချမှတ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အန္တရာယ်ကင်းရှင်းစွာ

ယခင်နှစ်များကလည်း အများပြည်သူတို့က မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်းကမ်းဖောက်ဖျက်ကျူးလွန်သူအချို့ကို အချင်းချင်း ထိန်းကျောင်းတည့်မတ်ပေးခြင်းစသည်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပဆင်နွှဲနိုင်ခဲ့သည်။

အချို့သော နိုင်ငံများတွင် နှစ်သစ်ကူးပွဲတော်များ၊ ရေသဘင်ပွဲတော်များ ကျင်းပရာ၌ သောက်စားမူးယစ်ပြီး အပျော်လွန်အပျော်ကြူးကြခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်ကြခြင်းတို့ကြောင့် နှစ်စဉ်သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယမန်နှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ဆွန်ကရန်ရေသဘင်ပွဲတော် ရက်များအတွင်း သေဆုံးသူ ၄၆၇ ဦး၊ ဒဏ်ရာရရှိသူ ၅၉၈၅ ဦး ရှိကြောင်း၊ ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇ မှု ပါဝင်ကြောင်း၊ ယခု ၂၀၀၇ ခုနှစ် နှစ်သစ်ကူးကာလ၌လည်း သေဆုံးသူ ၄၄၉ ဦးရှိကြောင်း သတင်းများရရှိသည်။

ချမ်းမြေ့ပျော်ရွှင်စွာ

သို့ဖြစ်၍ ယင်းကဲ့သို့ မလိုလားအပ်သော အနိဋ္ဌာရုံများ မဖြစ်ပေါ်စေရေးအတွက် ယခုနှစ် နှစ်သစ်ကူးမဟာ သင်္ကြန်ပွဲတော်ကာလတွင် ကြမ်းတမ်းရိုင်းစိုင်းစွာ ရေပက်ကစားခြင်း၊ ဒဏ်ရာအနာတရဖြစ်စေသည်အထိ ရေပက်ကစားခြင်း၊ ရိုင်းပျစွာနောက်ပြောင်ခြင်း၊ သူတစ်ပါးကို ထိခိုက်စေလိုသောသဘောဖြင့် သံချပ်ထိုးခြင်း၊ မူးယစ်သောက်စား အပျော်ကြူးခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်ခြင်းများ မပြုလုပ်ကြရန်အတွက် သင်္ကြန်ကာလအတွင်း လိုက်နာဆောင်ရွက်ရန်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များကို သက်ဆိုင်ရာက ကြိုတင်သတိပေးတိုက်တွန်းနှိုးဆော်ထားရာ အလေးထားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မဟာသင်္ကြန်ပွဲတော်ကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး ချမ်းမြေ့ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

NLD သည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး အန္တရာယ်ကျရောက်အောင် လုပ်ဆောင်နေ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်မှ ပါတီဝင် ၇၃ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၁၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကွမ်းယာအရှေ့ကျေးရွာမှ ဦးဝင်းတင်နှင့် ဦးစိုးမြင့်၊ ကွမ်းယာအနောက်ကျေးရွာမှ ဦးကံဝင်းနှင့် ဦးကာစင်၊ သဘော့ငူကျေးရွာမှ ဦးရွှေဒွေးနှင့် ဦးကံအေးတို့အပါအဝင် ငါးဦး၊ ခုံဇင်းကုန်းကျေးရွာမှ ဦးဝင်းမြိုင်နှင့် ဒေါ်အဲလစ်တို့အပါအဝင် လေးဦး၊ ကျူးတန်းကျေးရွာမှ ဦးစောကလဲဒီးနှင့် ဦးစစ်အေးတို့အပါအဝင် သုံးဦး၊ ငွေးကုန်းကျေးရွာမှ ဦးသန်းရှိန်၊ လဟာကလူကျေးရွာမှ ဦးဝင်းစိန်နှင့် ဦးလှဋ္ဌေးတို့အပါအဝင် လေးဦး၊ ကည္တတ်ကုန်းကျေးရွာမှ ဦးစတာလင်နှင့် ဦးစံသောင်းတို့အပါအဝင် လေးဦး၊ ရွှေးကုန်းကျေးရွာမှ ဦးထွန်းကြိုင်နှင့် ဦးနာတာလီတို့အပါဝင် လေးဦး၊ မိကျောင်းတရာကျေးရွာမှ ဦးသာလှ၊ မဂူကျွန်းကျေးရွာမှ ဦးမျိုးခိုင်နှင့် ဦးရွှေမြိုင်တို့ အပါအဝင် သုံးဦး၊ ဘဲဂရက်ကျေးရွာမှ ဦးသက်လွင်နှင့် ဦးသန်းလွင်တို့အပါအဝင် သုံးဦး၊ လျှော်ကုန်းကျေးရွာမှ ဦးတင်ထွန်းနှင့် ဦးစံတိုးတို့အပါအဝင် လေးဦး၊ ရွှေးကျေးရွာမှ ဦးညိုဝင်းနှင့် ဦးတင်ဇော်၊ ကျိုက်လတ်ကျေးရွာမှ ဦးရွှေဝင်းနှင့် ဦးသန်းစိုးတို့အပါအဝင် သုံးဦးတို့အပါအဝင် ပါတီဝင် ၇၃ ဦးတို့သည် မတ် ၁၆ ရက် တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့်သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကန်ကြီးထောင့်မြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို အန္တရာယ်ကျရောက်အောင် ကြံစည်လုပ်ဆောင်နေသည်ကို တွေ့မြင်လာသဖြင့် ၎င်းတို့၏လုပ်ရပ်အပေါ် စိတ်ပျက်မိကြောင်း NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏လုပ်ငန်းတာဝန်များမှလည်းကောင်း မိမိတို့၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**